# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 9 May 2024 ၁၁၄၅၂


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Imran Haider အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Imran Haider သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**သဘာဝလက်ဆောင်ကောင်းများကို စနစ်တကျ ထုတ်ယူသုံးစွဲ၍ သီးနှံစိုက်ပျိုးရေး ကောင်းမွန်တိုးတက်နေသော တပ်ကုန်းနယ်မြေ**

ဆောင်းပါး စာမျက်နှာ » ၈



**မြဝတီမြို့တွင် ချစ်ကြည်ရေးတံတားနှစ်စင်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ပုံမှန်အတိုင်း ကုန်သွယ်၊ သွားလာမှုများ စည်ကားအသက်ဝင်လျက်ရှိ**

စာမျက်နှာ » ၁၁



# နိုင်ငံတစ်ဝန်းအသိပညာတိုးပွားရေး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေး

မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် "အတ္တာဟိအတ္တနောနာထော" ဆိုသည့်အတိုင်း လူတို့သည် မိမိကိုယ်သာ ကိုးကွယ်ရာ၊ မိမိကိုယ်သာအားထားရာဖြစ်သည်။ မိမိစွမ်းဆောင်နိုင်မှုသည် မိမိကိုယ်တိုင်သာဖြစ်သည်။ စွမ်းဆောင်နိုင်သည့် လူသားတစ်ဦးဖြစ်ရန်အတွက် ကိုယ်ပိုင်အသိပညာဗဟုသုတများ ပြည့်စုံနေရန်လိုအပ်သည်။ လူတိုင်းလူတိုင်းသည် အရည်အချင်းကိုယ်စီရှိကြသော်လည်း အသိဉာဏ်ပညာ၊ ဗဟုသုတအနည်းအများပေါ်တွင် မူတည်၍ စွမ်းဆောင်နိုင်မှုအရည်အချင်း ကွာခြားပေသည်။

အသိပညာဗဟုသုတတို့ကို စာပေဖတ်ရှုဆည်းပူးလေ့လာခြင်းဖြင့် ရရှိနိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာရည်မြင့်မားသော၊ အသိပညာဗဟုသုတကြွယ်ဝသော နိုင်ငံသားများ များပြားပါမှ ထိုနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားပြီး နိုင်ငံလည်း အစဉ်တိုးတက်နေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာတတ်မြောက်မှု နိမ့်ကျနေဆဲဖြစ်၍ ပညာတတ်မြောက်မှုမြင့်မားလာအောင် အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံသူ နိုင်ငံသားအများစုမှာ အသိပညာဗဟုသုတကြွယ်ဝမှု၌ အားနည်းမှုများရှိပြီး အဓိကအကြောင်းရင်းမှာ လေ့လာဆည်းပူးနိုင်သည့် ဝန်းကျင်ကောင်းများ နည်းပါးနေခြင်းကြောင့်ဟုဆိုနိုင်သည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်နေပြည်သူအများစုမှာ ပညာရေးနှင့်အလှမ်းဝေးပြီး အသိအမြင်ဗဟုသုတလိုအပ်ချက်များရှိနေသည်။ လူမှုစီးပွားဘဝ နိမ့်ကျမှုကြောင့် ပညာနှင့်အလှမ်းဝေးနေသလို ပညာနှင့်အလှမ်းဝေးနေသောကြောင့် လူမှုစီးပွားဘဝ နိမ့်ကျနေရခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ ပညာသင်ကြားနိုင်မှု အခြေအနေများ တိုးတက်လာရေး၊ အသိပညာဗဟုသုတများ မြင့်မားလာရေးအတွက် စာအုပ်စာပေများဖတ်ရှုနိုင်သည့် စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ ကျေးလက်ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိပြီး မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် မြို့စုစုပေါင်း ၈၀၁ မြို့ရှိသည်။ မြို့ပေါင်း ၈၀၀ ကျော်တွင် ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စံငါးချက်နှင့်ကိုက်ညီသည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်ပေါင်း ၆၁၀၆ ခုရှိရာ လက်ရှိအခြေအနေအရ စာကြည့်တိုက် ၃၅၀၈ ခု သာကျန်ရှိပြီး စာကြည့်တိုက် ၂၅၉၈ ခုမှာ ရပ်နားထားကြောင်း သိရှိရသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ ကွက်လပ်ဖြစ်နေသဖြင့် ပြည်သူများအနေဖြင့် စာကြည့်တိုက်များနှင့် အလှမ်းဝေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းလုံး၌ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးရန်နှင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့်ပြည့်စုံသည့် အဆောက်အအုံများနှင့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်များ ဖြည့်ဆည်းပေးရန်လိုအပ်လျက်ရှိသည်။ နိုင်ငံလူဦးရေအများစုဖြစ်သည့် ကျေးလက်ဒေသများ၏ အခြေခံစီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်၍ အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ကြသော ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများရရှိနိုင်မည့် စာအုပ်စာစောင်များရှိသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်လျက်ရှိသည်။ ပညာရပ်အလိုက် ဗဟုသုတရရှိနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံ၏လိုအပ်နေသောကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲက ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုပြီး စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ စာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ နိုင်ငံတစ်ဝန်းလုံး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ခံရရှိသည့်အလှူငွေနှင့် စာအုပ်စာစောင်များကို အသုံးပြုရာတွင် လုပ်ငန်းစဉ် (၄ )ရပ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ရပ်နားထားသော စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ စာကြည့်တိုက်များ အသစ်တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် စာအုပ်စာစောင်များ ဖြန့်ဝေပေးမည့်လုပ်ငန်းစဉ်(၄)ရပ်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ စာကြည့်တိုက်များသည် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် ဖန်တီးပေးခြင်းသာဖြစ်သည်။ ပြည်သူများအနေဖြင့် အသိပညာဗဟုသုတများရရှိစေရန် စာဖတ်သည့်အလေ့အထကောင်းများကို ကိုယ်တိုင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ရေးအတွက် လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန်၊ စာအုပ်စာပေနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဖက် နဲ့ ဘက်

(ယမန်နေ့မှအဆက်)

စင်စစ်အားဖြင့် ယနေ့ပြဋ္ဌာန်းထားသော **"ဘက်"**အရေးမှန်သမျှသည် ရင်းမြစ်နက်မရှိပါ။ **"ဖက်"** ကို **"ဘက်"** ဟုပြောင်းလဲရေးထားသော အရေးများသာ ဖြစ်ကြသည်။ ထို့ကြောင့် **"ဘက်"** အားလုံး၏အနက်ကို **"ဖက်"** ၌သာ ရှာကြရမည်ဖြစ်သည်။ မြန်မာစာအဖွဲ့က စာလုံးပေါင်းသတ်ပုံ ပြဋ္ဌာန်းရာတွင် အနက်ရှိအတိုင်း အနက်စွဲအရေးချည်း ပြဋ္ဌာန်းထားသည်မဟုတ်။ အသံစွဲအရေးများ ခွင့်ပြုသင့်သည်ကို အသံစွဲအရေး **"ဘက်"** ဖြင့် ခွဲခြားပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**"ဖက်"** နှင့် **"ဘက်"** ကို ခွဲခြားပြဋ္ဌာန်းရာတွင် အများပြည်သူတို့ အလွယ်တကူ ခွဲခြားသတ်မှတ်နိုင်စေရန် ရည်ရွယ်၍ အောက်ပါအတိုင်း ခွဲခြားပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

### ဖက်

**"ဖက်"** ကို အောက်ပါဝေါဟာရတို့၌ သုံးသည်-

၁။ ကြိယာ **"ဖက်"**။ ။ ဝါစင်္ဂအားဖြင့် ကြိယာဖြစ်သော **"ဖက်"** ကို လုံးချင်းဖြစ်စေ၊ အခြားကြိယာတစ်ခုတွဲလျက် ထိုကြိယာ၏ ရှေ့မှာရှိသည်ဖြစ်စေ၊ နောက်မှာရှိသည်ဖြစ်စေ **"ဖက်"** ကို သုံးသည်။
သာဓက။ ။ဖက်သည်၊ ဖက်ယမ်းသည်၊ ဖက်ပွေ့သည်၊ စုံဖက်သည်၊ စွက်ဖက်သည်၊ ဆွဲဖက်သည်၊ တွဲဖက်သည်၊ ပေါင်းဖက်သည်၊ ပွေ့ဖက်သည်၊ ယှဉ်ဖက်သည်၊ လိုက်ဖက်သည် စသည်။

၂။ အဖော်အဖက်။ ။ -ဖော်-ဖက်နှင့်တွဲ၍ဖွဲ့ထားသော နာမ်များကို မည်သို့ပင်အသံထွက်စေ **"ဖက်"** ကိုသုံးသည်။
**သာဓက**။ ။ကူဖော်လောင်ဖက်၊ ကြင်ဖော်ကြင်ဖက်၊ ဆေးဖော်ကြောဖက်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်၊ လုပ်ဖော်ကိုင်ဖက်၊ သွားဖော်လာဖက် စသည်။

၃။ သင်္ချာကိန်းဂဏန်းပါသောဖက်။ တစ်၊ နှစ်၊ သုံး စသည့် သင်္ချာကိန်းဂဏန်းများနှင့် ယှဉ်တွဲသောအခါတွင် မည်သို့ပင်အသံထွက်စေ **"ဖက်"** ကို သုံးသည်။
**သာဓက**။ ။ တစ်ဖက်တစ်ချက်၊ နှစ်ဦးနှစ်ဖက်၊ သုံးဖက်မြင်၊ လေးဖက်နှာ၊ အနားငါးဖက်ပါ ပဥ္စဂံ၊ လေးလုံးခြောက်ဖက် စသည်။

### ဘက်

**"ဘက်"** ကို အောက်ပါဝေါဟာရတို့၌ သုံးသည်-

၁။ **"အရပ်မျက်နှာ"** ကို ညွှန်းသောအခါ အသံမည်သို့ပင်ထွက်စေ **"ဘက်"**ကို သုံးသည်။
သာဓက။ ။ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့မြောက်ဘက်၊ အနောက်တောင်ဘက် စသည်။

၂။ **"တည်နေရာ"** ကို ညွှန်းသောအခါ အသံမည်သို့ပင်ထွက်စေ **"ဘက်"**ကို သုံးသည်။
သာဓက။ ။ အိမ်ဘက်မှာ၊ ဈေးဘက်မှာ၊ ကျောင်းဘက်မှာ၊ မြစ်ဘက်မှာ၊ တောဘက်မှာ၊ အထက်ဘက်မှာ၊ အောက်ဘက်မှာ၊ ဝဲဘက်မှာ၊ ယာဘက်မှာ စသည်။

၃။ **"သူ၊ ငါ၊ ကျား၊ မ"** စသည်ကို ညွှန်းသောအခါ အသံမည်သို့ပင်ထွက်စေ **"ဘက်"** ကိုသုံးသည်။
**သာဓက**။ ။ သူ့ဘက်၊ ကိုယ့်ဘက်၊ ငါ့ဘက်၊ သင့်ဘက်၊ ယောကျ်ားဘက်၊ မိန်းမဘက်၊ လင်ဘက်၊ မယားဘက်၊ သမက်ဘက်၊ ချွေးမဘက်၊ ခဲအိုဘက်၊ မတ်ဘက် စသည်။

၄။ အာဒိစကားလုံး(အစ စကားလုံး)ဖြစ်လျှင် ဘက်ဟုပင်အသံထွက်၍ **"ဘက်"** ကိုပင်သုံးသည်။
**သာဓက**။ ။ ဘက်ကန်၊ ဘက်စုံ၊ ဘက်ပေါင်းစုံ၊ ဘက်မလိုက်၊ ဘက်လိုက် စသည်။
**ခြွင်းချက်**။ ။ အဖော်အဖက်မှန်သမျှကို -ဖော်-ဖက်ဟု "ဖ" ဦးထုပ်ဖြင့် ရေးရန်ဖြစ်သော်လည်း ရဲဘော်ရဲဘက်၊ ရဲဘော်၊ ရဲဘက်တို့ကိုမူ ဘကုန်းဖြင့်ပင် ရေးပါသည်။ အရေးတွင်ကျယ်မှုအရ ခြွင်းချက်ထားသည်ဟု မှတ်ယူရပါမည်။

**ဆောင်ပုဒ်**
- ❋ အရပ်မျက်နှာ၊ တည်နေရာ၊ သူငါကျားမ၊ အာဒိစ၊ရေးကြ ဘကုန်းနှင့်။
- ❋ ကြိယာဖက်၊ အဖော်ဖက်၊ ယှဉ်လျက် သင်္ချာ၊ ရေတွက်ခါ၊ ရေးပါဖဦးထုပ်နှင့်။
- ❋ ရဲဘော်ရဲဘက်၊ မျှသာပက်၊ ခြွင်းချက်ထားကုန်လင့်။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၆၀၀ | ၄၁၉ | ၃,၄၆၃,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၄,၆၃၃ | ၁၃,၄၃၀,၂၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၉၈ | ၃၀၆,၉၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁၉ | ၅၆,၀၅၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၂၀၅ | ၃၃၈,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၂,၁၀၀ | ၂,၀၅၀ | ၁,၀၆၀ | ၂,၁၇၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍများ အပါအဝင် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အထည်အလိပ်လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး မစ္စတာ အင်မရန် ဟိုက်ဒါ အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မေ ၈**

၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဘီ)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တွဲဖက်စစ်ရေးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ ကြက်ခြေနီ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၁၈၅၉ ခုနှစ် ဆိုဖာရီနိုစစ်မြေပြင်က အစပြု၍ လူသားများ၏ လူမှုကရုဏာ လိုအပ်ချက်များကို ဆောင်ရွက် ပေးနေခဲ့သည့် ကြက်ခြေနီတည်ရှိမှု သက်တမ်းသည် ရာစုနှစ်တစ်ခုကျော် တည်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နိုင်ငံအစိုးရများက ဖွဲ့စည်းထားသည့် အမျိုးသားကြက်ခြေနီ/ လခြမ်းနီအသင်းပေါင်း ၁၉၁ သင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အကူအညီလိုအပ်သူများကို လူမှုကရုဏာ အကူအညီများ ပေးနိုင်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးနေသည်ကို သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း။

နိုင်ငံတော်က လက်မှတ်ရေးထိုးထားသည့် ဂျီနီဗာသဘောတူညီချက်များ (Geneva Conventions) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ/ လခြမ်းနီ လှုပ်ရှားမှုများ၏ ဥပဒေသများအရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို နိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးထားပြီးဖြစ်သည့်အတွက် ကြက်ခြေနီအခြေခံမူများ၊ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆက်လက်လုပ်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ကူညီသူအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် အများအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၄ ခုနှစ်ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **စာမျက်နှာ ၅ သို့ ✤**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် ၆၅ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကိုယ်စား မကွေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးတပ်ဖွဲ့မှူး ဦးကျော်မြင့်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် မြန်မာဘာသာဖြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်

**နေပြည်တော် မေ ၈**

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းတမီထားရှိပေးနိုင်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံ လိုအပ်နေသောနေရာများတွင် ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ရာ “ပညာဒါန” အလှူအဖြစ် လှူဒါန်းလိုပါကဖော်ပြပါ စာကြည့်တိုက် အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-




❖ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ /၀၉၄၂၁၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး(ပြန်/ဆက်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၆၇၃၄၁၂၁၆၄

❖ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်
ပြန်/ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အခမ်းအနားတက်ရောက်လာကြသူများ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုကြစဉ်။

❖ စာမျက်နှာ ၄ မှ

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး မွန်ပြည်နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ ဘင်ခရာအဖွဲ့နှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များက “အများအတွက် ကြက်ခြေနီ” သီချင်းနှင့် လူငယ်ကြက်ခြေနီမောင်မယ်များက “လူငယ်ကြက်ခြေနီ” သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် (၆၅) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ ကိုယ်စား မကွေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီး တပ်ဖွဲ့မှူး ဦးကျော်မြင့်ကို လည်းကောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် မြန်မာဘာသာဖြင့် ပထမဆုရရှိသည့် မောင်ဖြိုးဝေဝင်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရွှေရည်ထွန်းလတ် ကိုယ်စား တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ တတိယဆုရရှိသည့် မအေးမြမှုကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာ မှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် ကဗျာပြိုင်ပွဲတွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ပြခန်းများ၊ ကြက်ခြေနီပစ္စည်း အရောင်းကောင်တာ၊ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ခြင်းဆိုင်ရာ ပစ္စည်းများပြခန်းနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာ ပစ္စည်းပြခန်းတို့ကို လိုက်လံကြည့်ရှုကြသည်။

ကမ္ဘာ့ ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ်မှစတင်ကာ နှစ်စဉ် မေ ၈ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ဆောင်ပုဒ်သည် “လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး” (Keeping Humanity Alive) ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ (ထုတ်လုပ်) ဦးနိုင်မျိုးဟန် ကို ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုင်းပန်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄ ခုနှစ်) အခမ်းအနားကျင်းပ

**မိုင်းပန် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် (၂၀၂၄ ခုနှစ်) အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ဦးစွာ မိုင်းပန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနိုင်လင်းထွန်းက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၏ ရည်ရွယ်ချက်ကို အသိပညာပေးပြောကြားသည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်ဆရာဝန်ကြီး ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့နာကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**တောင်ကြီး မေ ၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ဆီဆိုင်မြို့နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် မိမိမှတာဝန်ယူ၍ အထက်အဖွဲ့အစည်းသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟိုပုံးမြို့နယ် ကျေးရွာအချို့ ပျက်စီးမှုများရှိခဲ့ပြီး အတိုင်းအတာတစ်ခုအထိ အစိုးရအဖွဲ့ သက်ဆိုင်ရာဒေသရှိ ဆရာတော်များ၊ ဒေသခံပြည်သူများ၏ မြန်မြန်ဆန်ဆန် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ တိုက်ပွဲများဖြစ်ပွားပြီးနောက် စိတ်ဓာတ်ပိုင်းဆိုင်ရာ သိမ်ငယ်ညှိုးငယ်မှု မဖြစ်ရအောင် အချို့ကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်များကို ဦးစားပေးဝိုင်းဝန်း၍ ဆောင်ရွက်ပေးကြရန်နှင့် ပန်လျန်းရွာနှင့် နန်းဟူးရွာတွင် လျှပ်စစ်မီတာများ လိုအပ်ချက်ကို သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

လမ်းညွှန် မှာကြားချက်အရ ဆီဆိုင်မြို့တွင် ရုံးများ ပြန်လည်ဖွင့်နိုင်ရန်နှင့် စီမံအုပ်ချုပ်နိုင်သည့် အဆင့်ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များတွင်လည်း တပ်ဖွဲ့ဝင်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့တာဝန်အလိုက် ဝန်ဆောင်မှုပိုင်းဆိုင်ရာ ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေးစသဖြင့် အတတ်နိုင်ဆုံး အမြန်ဆုံးဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆီဆိုင်မြို့ကို အမြန်ဆုံး ပြန်လည်တည်ဆောက် ပေးနိုင်ခြင်းဖြင့် ကျန်သည့် နယ်မြေဒေသများကလည်း နမူနာယူဆောင်ရွက်ရမည့် အနေအထားတစ်ခု ဖြစ်အောင် ကြိုးစားရမည်ဖြစ်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ အနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြန်လည် ထူထောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ကျိုင်းတုံခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ ကျိုင်းတုံ ပင်မဓာတ်အားခွဲရုံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပို့လွှတ်ပေးနေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မဟာဓာတ်အားလိုင်းများ ကွဲ့ခိုင်ထိန်းသိမ်းမှုကို ကြိုတင်ကာကွယ်ဆောင်ရွက်ထားရန်၊ ထရန်စဖော်မာဝန်အားစာရင်းအား အမြဲစိစစ်၍ မှတ်တမ်းထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ လိုအပ်သော ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ လျှပ်စစ်စမ်းသပ်စစ်ဆေးရေးပစ္စည်းနှင့် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေးအသိ၊ သတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ဆွိုယာဒ်(Switch Yard)အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့၏တောင်ဘက်ရှိ နမ့်ဝုတ်နှင့် နမ့်စို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များနှင့် လက်ရှိမောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအားလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် လုပ်ငန်းများလျာထားဆောင်ရွက်နေမှု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်လျာထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း မီတာများပုံမှန်ဖတ်ရှုရေးနှင့် ဓာတ်အားခများပုံမှန်ကောက်ခံရရှိရေး အထူးအလေးထားဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုနည်းပါးစေရေး၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်/သစ်ကိုင်းများ ပုံမှန်ရှင်းလင်းခုတ်ထွင်သွားရန်၊ လိုင်းထိန်းသိမ်းကွဲ့ခိုင်ရေးနှင့် ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၃၃ ကေဗွီဓာတ်အားခွဲရုံနှင့် ဝန်ထမ်းအိမ်ရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးနဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစီမံကိန်း ကျေးရွာများရွေးချယ်



**မိုးနဲ မေ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစီမံကိန်း ကျေးရွာများ ရွေးချယ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်ကအဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးကဦးစားပေးကျေးရွာများအလိုက် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းအတွက် မိုက်ဟိုင်းကျေးရွာအုပ်စုတွင် ဘုရားဖြူကျေးရွာနှင့် ဟဲကေကျေးရွာ၊ ကုန်းလွန်းကျေးရွာအုပ်စုတွင် လွိုင်ချိုနှင့် ဆွန်မွန်းကျေးရွာ၊ နောင်လိုင်ကျေးရွာအုပ်စုတွင် ပန်ယောင်ကျေးရွာ စသည့်ကျေးရွာ ငါးရွာကိုလည်းကောင်း၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အတွက် ကွန်နား ကျေးရွာအုပ်စုတွင် ဆွမ်မရမ်းကျေးရွာ၊ ဝမ်နားကျေးရွာအုပ်စုတွင် နားမွန်းကျေးရွာနှင့် နားအွန်ကျေးရွာ၊ ဟိုဟကျေးရွာအုပ်စုတွင် နားကဲ့ကျေးရွာနှင့် နားပုံးကျေးရွာ စသည့်ကျေးရွာ ငါးရွာကိုလည်းကောင်း။

**အတည်ပြုရွေးချယ်**

ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေစီမံကိန်း အတွက် နောင်မြိုင်းကျေးရွာ အုပ်စုတွင် ကင်တုံကျေးရွာ၊ နားခံကျေးရွာအုပ်စုတွင် နားခံကျေးရွာ၊ မိုက်ဟိုင်း ကျေးရွာအုပ်စုတွင် နမ့်မော်လေ၊ မယ်ဇလီမြိုင်၊ ဆိုင်းဖယ်ရွာသစ်ကျေးရွာ စသည့် ကျေးရွာငါးရွာကို လည်းကောင်း အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**

## မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃)ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

Department of Consumer Affairs
စားသုံးသူရေးရာ ဦးစီးဌာန

အသိပေးကြေညာချက်

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်

၁။ ပြည်တွင်း ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစု မှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် Online Registration စနစ်ဖြင့် Myanmar Rice Online (MyRo) – www.myro.com.mm တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ စတင်၍ မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ မေလ ၆ ရက်နေ့အထိ Myanmar Rice Online (MyRo) – www.myro.com.mm တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ ၉၄ ခု၏ သိုလှောင်ရုံ ၁၉၇ လုံး၊ လူပုဂ္ဂိုလ် ၂၂၁ ဦး၏ သိုလှောင်ရုံ ၄၀၉ လုံး စုစုပေါင်း သိုလှောင်ရုံအရေအတွက် ၆၀၆ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅,၀၀၀ နှင့် အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို Myanmar Rice Online (MyRo) – www.myro.com.mm တွင် မဖြစ်မနေမှတ်ပုံတင်ဆောင်ရွက်ပေးကြပါရန် ထပ်မံ အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ




**နေပြည်တော် မေ ၈**

အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

**ပြဋ္ဌာန်းနိုင်ခဲ့**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများကို ပြဋ္ဌာန်းရေးဆွဲခြင်းနှင့် လိုအပ်သလို ပြုစုပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေး ကွန်ဗင်းရှင်းမှ လက်ခံသည့် ဥပဒေတစ်ခုအနေဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ဥပဒေအကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း ဆက်လက်ထုတ်ပြန်ပြီး စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အပင်မျိုးသစ်များကို မျိုးမွေးမြူရေး လုပ်ငန်းများမှ စတင်လျှောက်ထားလာကြကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်သုံးစွဲ စိုက်ပျိုးနိုင်ရေးတွင် အခြေခံအကျဆုံး ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်နေသည့် မျိုးစေ့ဥပဒေကို ယခု အတိုင်းအတာ တစ်ခုထိ ထိရောက်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ မျိုးကောင်းနှင့် မျိုးသန့် မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ဥပဒေအပြင် မျိုးကောင်းများ မွေးမြူရေးသုတေသနလုပ်ငန်းများ ထွန်းကားလာစေရေးအတွက် အထောက်အကူဖြစ်စေမည့် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းရခြင်း ဖြစ်ကြောင်း၊ ဤဥပဒေနှစ်မျိုးကို လေ့လာသုံးသပ်ပါက မျိုးစေ့ဥပဒေသည် တောင်သူလယ်သမားအကျိုးစီးပွားကို ဗဟိုပြု၍ ရေးဆွဲထားပြီး အပင်မျိုးသစ် ကာကွယ်ရေးဥပဒေသည် စွန့်ဦးတီထွင်မှုပြုလုပ်သည့် သုတေသီပညာရှင်၏ ဉာဏစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးကို ကာကွယ်ပေးရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ဤအပင်မျိုးသစ်ကာကွယ်ရေး ဥပဒေတွင် တောင်သူလယ်သမားများအတွက် အခွင့်အရေးကိုလည်း ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ဤဥပဒေများကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ အပင်မျိုးမွေးမြူသူများက ၎င်းတို့မွေးမြူထုတ်လုပ်ထားသည့် အပင်မျိုးသစ်များကို အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေအောက်တွင် ကာကွယ်ခွင့်ယူရန် လာရောက်လျှောက်ထားလျက်ရှိရာ သီးနှံမျိုးစုံ၏ အပင်မျိုးသစ် ၄၅ မျိုး ရှိနေပြီဖြစ်ကြောင်း၊ ယခုလျှောက်ထားလာသည့် အပင်မျိုးအသစ်များကို ဥပဒေပါ အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ နည်းပညာကော်မတီက စိစစ်သုံးသပ်ပြီးဖြစ်၍ အပင်မျိုးသစ်အားကာကွယ်နိုင်ခွင့်အတွက် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးကို အစည်းအဝေးတက်ရောက်လာသည့် ဗဟိုကော်မတီ အဖွဲ့အဝင်များ အားလုံးအနေဖြင့် ဝိုင်းဝန်းဆွေးနွေးသွားကြရန် ပြောကြားသည်။

ထို့နောက် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ အတွင်းရေးမှူး ဒေါက်တာနိုင်ကြည်ဝင်းက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန် ကာကွယ်ခွင့် လျှောက်ထားလာသည့် အပင်မျိုးသစ်ခြောက်မျိုးနှင့်ပတ်သက်၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး စစ်ဆေးတွေ့ရှိချက်များကို တင်ပြဆွေးနွေးရာ ဗဟိုကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် မေ ၈**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် (၉၅၁) မှ (၁၉၀၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲ အမှတ် (၁၉၀၁) မှ (၂၇၅၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲသတ္တမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမ အတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

(၅၉)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲနှင့် ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီး



ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝလက်ဆောင်ကောင်းများကို စနစ်တကျ ထုတ်ယူသုံးစွဲ၍ သီးနှံစိုက်ပျိုးရေး ကောင်းမွန်တိုးတက်နေသော တပ်ကုန်းနယ်မြေ

**နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် လယ်ယာကဏ္ဍတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေလုံလောက်စွာရရှိရေးသည် လွန်စွာအရေးပါသဖြင့် မြေပေါ်ရေအရင်းအမြစ် မလုံလောက်သောနေရာများတွင် မြေအောက်ရေကိုပါ ထုတ်ယူသုံးစွဲစိုက်ပျိုးလျက်ရှိသည်။**

အောင်ကောင်း(ရေ)

ထိုသို့ မြေအောက်ရေထုတ်ယူသုံးစွဲရာတွင် မြေအောက်ရေသယံဇာတ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် စူးစမ်းလေ့လာမှုများ စနစ်တကျ ဆောင်ရွက်ပြီးမှသာ မြေအောက်ရေဖြင့် ဖြည့်စွက်စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မြေအောက်ရေပြန်လည်ဖြည့်တင်းရေးအစီအမံများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

**မြေအောက်ရေဖြင့် ဖြည့်စွက်စိုက်ပျိုးရေပေးဝေ**

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ Green , Clean & Smart City အဖြစ် တိုးတက်အောင် အဓိကထားဆောင်ရွက်လျက်ရှိသကဲ့သို့ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ကာ တပ်ကုန်းမြို့နယ်အနီး ရန်ကုန်-မန္တလေး လမ်းဟောင်း ကားလမ်းမကြီးဘေးဘက်ဝဲ/ယာရှိ ဆင်သေချောင်းနှင့် နဝင်းချောင်းတို့ ပေါင်းဆုံရာ မြေနုလွင်ပြင်ပေါ်ရှိ ရှောက်ကုန်း၊ ကျားသေအိုင်၊ နွယ်ရစ်ကျေးရွာ အနီးဝန်းကျင်တွင် မြေအောက်ရေဖြင့် ဖြည့်စွက်စိုက်ပျိုးရေပေးဝေခြင်းစီမံကိန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဖြည့်စွက်စိုက်ပျိုးရေပေးဝေနိုင်စေရေးအတွက် ၁၀ လက်မအချင်းရှိ မြေအောက်ရေစက်ရေတွင်း ၄၀ တူးဖော်ကာ စိုက်ပျိုးမြေဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးဝေရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စက်ရေတွင်းပေါင်း ၃၅ တွင်း တူးဖော်ပြီးစီး၍ စိုက်ပျိုးမြေဧက ၁၁၂၅ ဧကအား အကျိုးပြုနိုင်နေပြီဖြစ်ကြောင်း သိရသည်။ ၁၀ လက်မ အချင်းရှိ စက်ရေတွင်းတစ်တွင်းမှ တစ်နာရီလျှင် ရေဂါလန်ပေါင်း ၂၂၀၀၀ မှ ၂၅၀၀၀ ဂါလန်ခန့် ထွက်ရှိကြောင်း သိရှိရပြီး တောင်သူများအား ရေအသုံးချသူများအစုအဖွဲ့များ ဖွဲ့စည်းပေး၍ တောင်သူများကိုယ်တိုင် ရေယူစိုက်ပျိုးလျက်ရှိသည်။ တပ်ကုန်းမြို့နယ်အနီး စီမံကိန်းဧရိယာတွင် စိုက်ပျိုးသီးနှံများ အနေဖြင့် စပါး၊ ပြောင်း၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ ငရုတ်၊ ပဲတီစိမ်း စသည်တို့ကို ဆင်သေတမံနှင့် မြေအောက်ရေစိုက်ပျိုးရေစက်ရေတွင်းများမှ ရေကိုအသုံးပြု၍ တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိသည်ကို သိရှိရသည်။



တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ စက်ရေတွင်း။

ထိုစီမံကိန်းဧရိယာအတွင်း မြေအောက်ရေ ထုတ်ယူသုံးစွဲရာတွင် မြေအောက်ရေသယံဇာတစဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်နေစေရေးအတွက်လည်း မြေအောက်ရေဆိုင်ရာ အစီရင်ခံစာ (Hydrogeological Report) ကိုလည်း လေ့လာပြုစုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားနှင့် ရေဆင်းစနစ်တို့အပေါ် အခြေခံ၍ မြစ်ဝှမ်းဒေသကြီး ရှစ်ခု ပိုင်းခြားသတ်မှတ်ထားပြီး ခန့်မှန်းတွက်ချက်မှုများအရ နိုင်ငံ၏မြေပေါ်ရေသယံဇာတ အရင်းအမြစ်ပမာဏ စုစုပေါင်း ၁၀၈၂ ကုဗကီလိုမီတာခန့်ရှိပြီး မြေအောက်ရေသယံဇာတ အရင်းအမြစ်ပမာဏ စုစုပေါင်း ၄၉၅ ကုဗကီလိုမီတာခန့်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် မြေအောက်ရေကို နုန်းတင်မြေနုရေအောင်းလွှာ၊ ရောဝတီရေအောင်းလွှာ၊ ပဲခူးကျောက်လွှာအုပ်စု ရေအောင်းလွှာနှင့် ထုံးကျောက်နှင့် အခြားကျောက်မာအမျိုးအစား ရေအောင်းလွှာ စသည့် ရေအောင်းလွှာ လေးခုမှ အဓိကထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရှိရသည်။

**မြေအောက်ရေထုတ်ယူသုံးစွဲရန် အလားအလာကောင်းမွန်**

တပ်ကုန်းမြို့နယ်အနီးရှိ စီမံကိန်းဧရိယာသည် ဇလဘူမိဗေဒ အနေအထားများအရ နုန်းတင်မြေနုရေအောင်းလွှာနှင့် ဧရာဝတီကျောက်စဉ်စု ရေအောင်းလွှာတို့မှာ မြေအောက်ရေ ထုတ်ယူသုံးစွဲရန် အလားအလာကောင်းမွန်သည့် အလွှာများအဖြစ် တည်ရှိနေကြောင်း သိရှိရသည်။ မြေအောက်ရေပြန်လည်ဖြည့်တင်းမှုအနေဖြင့် တိုက်ရိုက်ရွာချသောမိုးရေကို ရရှိနေသည့်အပြင် စီမံကိန်းဧရိယာ၏ မြေမျက်နှာသွင်ပြင်အရ အရှေ့ဘက် ရှမ်းကုန်းပြင်မြင့်မှ စီးဝင်လာသောရေများနှင့် အနောက်နှင့် အနောက်မြောက်ဘက် ပဲခူးရိုးမတောင်တန်းများမှ စီးဝင်ရေများသည်လည်း မြစ်ချောင်းများမှတစ်ဆင့် သဘာဝအလျောက် မြေအောက်ရေအောင်းလွှာအတွင်းသို့ ပြန်လည်ဖြည့်တင်းလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် တပ်ကုန်းမြို့နယ် ရှောက်ကုန်း၊ ကျားသေအိုင်၊ နွယ်ရစ်ကျေးရွာဧရိယာသည် ဆင်သေတမံမှ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဧရိယာများဖြစ်သည့်အတွက် ဆည်ရေပေးဝေလျက်ရှိသည့် စိုက်ပျိုးမြေဧက ၁၁၈၀ မှ ကွင်းပြန်ရေများမှာလည်း မြေအောက်ရေအောင်းလွှာအတွင်းသို့ ပြန်လည်ဖြည့်တင်းလျက်ရှိကြောင်း သိရှိရသည့်အတွက် မြေအောက်ရေအလားအလာကောင်းမွန်သောဧရိယာတစ်ခုအဖြစ် တည်ရှိနေသည်။

အဆိုပါစီမံကိန်းဧရိယာကို စိုက်ပျိုးမြေဧက ၃၀၀၀ အထိ စိုက်ပျိုးရေရရှိရန် တိုးချဲ့မည်ဆိုပါက ၁၀ လက်မ အချင်းရှိ စက်ရေတွင်း ၆၀ ထပ်မံတူးဖော်ရမည်ဖြစ်သည်။ ယင်းသို့ ထပ်မံတူးဖော်မည့် စက်ရေတွင်း ၆၀ အတွက် နှစ်စဉ် မြေအောက်ရေပမာဏ ဧကပေ ၆၀၀ ခန့်သာ ထုတ်ယူသုံးစွဲရမည်ဖြစ်ပြီး Groundwater Potential ၏ ၁ ဒသမ ၇၂ ရာခိုင်နှုန်း တိုးတက်ထုတ်ယူသုံးစွဲရမည်ဖြစ်ကာ မြေအောက်ရေ ထုတ်ယူသုံးစွဲမှု စုစုပေါင်း ၂၂ ဒသမ ၉ ရာခိုင်နှုန်းခန့်သာ ရှိမည်ဖြစ်သည်။ ထို့ကြောင့် စီမံကိန်းတိုးချဲ့ဆောင်ရွက်ရန် အခြေအနေကောင်းများရှိနေပါသည်။

> **ဖြည့်စွက်စိုက်ပျိုးရေပေးဝေနိုင်စေရေးအတွက် ၁၀ လက်မအချင်းရှိ မြေအောက်ရေစက်ရေတွင်း ၄၀ တူးဖော်ကာ စိုက်ပျိုးမြေဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးဝေရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ စက်ရေတွင်းပေါင်း ၃၅ တွင်း တူးဖော်ပြီးစီး၍ စိုက်ပျိုးမြေဧက ၁၁၂၅ ကေအား အကျိုးပြုနိုင်နေပြီဖြစ်**



တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ စက်ရေတွင်း။

ယင်းသို့ စီမံကိန်းဧရိယာတိုးချဲ့မှုနှင့်အတူ စီမံကိန်းဧရိယာအတွင်း မြေအောက်ရေသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် လိုအပ်သော စောင့်ကြည့်လေ့လာအကဲဖြတ်မှုလုပ်ငန်းစဉ်များနှင့် တောင်သူပညာပေးဆွေးနွေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြေအောက်ရေစောင့်ကြည့်လေ့လာရေး တွင်းများ တူးဖော်ပြီး မြေအောက်ရေမျက်နှာပြင် ပြောင်းလဲမှုနှင့် ရေအရည်အသွေး လေ့လာဆန်းစစ် စောင့်ကြည့်မှု၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းနိုင်မည့်နည်းစနစ်များဖြစ်သည့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းသည့်တွင်းများနှင့် ရေကန်ငယ်များကို ဒေသ၏ ဇလဘူမိဗေဒအနေအထားအရ သင့်တော်သည့်နေရာများတွင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း သိရှိရသည်။

**နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်များ သုံးစွဲ**

ထို့ပြင် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ထိခိုက်မှုလျော့နည်းစေရေး၊ လျှပ်စစ်စွမ်းအင်ချွေတာနိုင်ရေးနှင့် ဒေသခံတောင်သူများ၏ ရင်းနှီးကုန်ကျစရိတ် သက်သာစေရေးတို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်များ သုံးစွဲလျက်ရှိပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြေအောက်ရေကို အသုံးပြု၍ ဆက်တိုက်ရေပေးသွင်း စိုက်ပျိုးခြင်းဖြင့် ရေရှည်တွင် မလိုလားအပ်သော မြေဆီလွှာအရည်အသွေး နိမ့်ကျမှုမဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရန် ရေချွေတာသုံးစွဲသည့်နည်းစနစ်များ၊ မိုးရေနှင့် မြေအောက်ရေ ရောစပ်အသုံးပြုသည့်နည်းစနစ်များနှင့် ရေလိုအပ်ချက်နည်းသောသီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးသွားနိုင်ရေးတို့ကို ဒေသခံတောင်သူများအား အသိပညာပေးဆွေးနွေးခြင်း လုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ မြေအောက်ရေကို ထုတ်ယူသုံးစွဲကာ စိုက်ပျိုးမြေများကိုဖြည့်စွက်စိုက်ပျိုးရေများ တိုးချဲ့ပေးဝေနိုင်ပါက မြေပေါ်ရေ လုံလောက်စွာမရရှိသောဒေသများသာမက မြေပေါ်ရေအရင်းအမြစ်မရှိဘဲ သဘာဝမိုးရေကိုသာ အားထားစိုက်ပျိုးနေရသော ဒေသများတွင်လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ထိုသို့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာမှုနှင့်အတူ ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင်လည်း များစွာအထောက်အကူပြုလာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# စားရေရိက္ခာဖူလုံရေးအတွက် မူဝါဒများ၊ စီမံကိန်းများ စီမံဆောင်ရွက်နိုင်ရန် တိကျ မှန်ကန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက် ကိန်းဂဏန်း စာရင်းဇယားများ လိုအပ်




နေပြည်တော် မေ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ ဒုတိယလက်ထောက်ဦးစီးမှူးနှင့်အထက် အမှုထမ်း၊ အရာထမ်းများအား ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ တွေ့ဆုံသည်။

**ဆီထွက်သီးနှံ အထူးဇုန်များ ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက ဆီထွက်သီးနှံ အထူးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် မူဝါဒများ၊ စီမံကိန်းများ စီမံဆောင်ရွက်နိုင်ရန် တိကျမှန်ကန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက် ကိန်းဂဏန်း စာရင်းဇယားများလိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနများအနေဖြင့် မြေပြင်အမှန် စိုက်ဧက၊ သီးနှံအမျိုးအစား စာရင်းများ ကောက်ယူခြင်း၊ သီးနှံထွက်ရှိချိန် ရိတ်သိမ်းဧကနှင့် ထွက်ရှိမှုပမာဏ တိတိကျကျ ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနည်းစနစ်များအတိုင်း စနစ်တကျ ကောက်ယူရန်ဖြစ်ကြောင်း၊ ရာသီဥတုနှင့်အခြေအနေအမျိုးမျိုးကြောင့် သီးနှံပျက်စီးမှုများ ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကျိုးကြောင်းခိုင်လုံစွာ တင်ပြရန်လိုအပ်ကြောင်း၊ မည်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းကြောင့်နှင့်မျှ မိမိ၏စာရင်းဇယားလွဲချော်မှုမဖြစ်ရန် လိုကြောင်း။

ထို့အတူ လယ်ယာမြေအသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အများဆုံး ကြုံတွေ့နေရသည့် လယ်ယာမြေအပေါ် ကျူးလွန်ဆောင်ရွက်မှုများကို တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ထုတ်ပြန်ထားသည့် SOP လုပ်ထုံးလုပ်နည်းနှင့်အညီ ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ရန် လိုကြောင်း၊ ဌာနပိုင်မြေနှင့် အဆောက်အအုံများ ငှားရမ်းလုပ်ကိုင်နေမှုများကိုလည်း တာဝန်ရှိသူများက အခါအားလျော်စွာ စစ်ဆေးပြီး ငှားရမ်းရေး သဘောတူညီချက်အတိုင်း အသုံးပြုဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်နှင့် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်သိက္ခာနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး အမှုထမ်း၊ အရာထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၈

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁)၊ နေပြည်တော်စခန်း တန်းခွဲ(၂)၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်း၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ် စခန်းတို့တွင် လှေလှော်ရွက်တိုက်ဘာသာရပ်ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ ရေယာဉ်ပေါ် လက်တွေ့လေ့လာရေးကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းတို့တွင် အခြေခံရေတပ်သားဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင် အခြေခံ စစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/ Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များအပြင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန် ပျံသန်းရေးအုပ်များနှင့် ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်း လေ့လာခြင်းများကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်း လူငယ်စခန်းတို့၌ လေ့ကျင့်သင်ကြားနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်







# လွိုင်လင်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ



လွိုင်လင် မေ ၈

လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်း ( MSY)၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ( VDP) နှင့် သက်/မွေးသင်တန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသည့် ကျေးရွာများအား ဆုချီးမြှင့်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ပထမဆုရရှိသည့် ခဲလောင်းကျေးရွာအား မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့်ပါဟုတ်ကျေးရွာအား မြို့နယ်ဥပဒေ အရာရှိကလည်းကောင်း၊ တတိယဆုရရှိသည့် (နောင်ယာဆိုင်း+စံခတ်)ကျေးရွာတို့အား အသေးစားစက်မှုလက်မှုလုပ်ငန်း ခရိုင်ဦးစီးမှူးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ လွိုင်လင်မြို့နယ် စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် ကျေးရွာပေါင်း ၄၅ ရွာမှ တစ်ရွာလျှင် ကိုယ်စားလှယ်နှစ်ဦးဖြင့် ၉၀၊ ဌာနဆိုင်ရာ တာဝန်ရှိသူ ၁၀ ဦး စုစုပေါင်း ၁၀၀ တို့ တက်ရောက်ကြပြီး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးရွာအလိုက် အုပ်စုဖွဲ့ သုံးသပ်ဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၈

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ



ပဲခူး မေ ၈

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၈ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၇) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီတို့ကို သတ်မှတ်ပြိုင်ပွဲဝင်ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာ အခြေခံပညာကျောင်းများ၌ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၃၁ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ကြက်ဥ၊ အချိုရည်၊ အားဆေး၊ ဓာတ်ဆားထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဆေးရုံတက်လူနာစောင့်များနှင့် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လူနာစောင့်များအတွက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် နေ့လယ်စာထမင်းဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ပြည် မေ ၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် (၂၇ )ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ပြိုင်ပွဲများတွင် ပြည်ခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် လေးဦး၊ ပန်းချီပြိုင်ပွဲတွင် ၆၈ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ရှစ်ဦးနှင့် ပိုစတာပြိုင်ပွဲတွင် ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲအသီးသီးမှ ကဏ္ဍအလိုက် ဆုရရှိသူများ၏ လက်ရာမွန်များကို ပဲခူးတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆုရကျောင်းသား ကျောင်းသူများကို ယခုနှစ် ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို မေ ၆ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းလုပ်ငန်းအဖွဲ့များက လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။



အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာပေါင်း ၃၀ တို့မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# မြိတ်မြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

မြိတ် မေ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပန်းခင်းစီမံချက်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူးရုံးမှ မြိတ်တောင်ရပ်ကွက် ရေနံမြေရပ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတွင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းကို မေ ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ် ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် နိုင်(၃)ကနှင့် အသက်(၁၈)နှစ်ပြည့် နိုင်(၆)က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြိတ်မြို့နယ်တွင် ပြည်သူများအား ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ပြုလုပ်ပေးလျက်ရှိရာ ယနေ့အထိ နိုင်(၃)က ၅၉၂ ဦး၊ နိုင်(၆)က ၁၂၂၉ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၅၁၂ စောင်ကို ပြုလုပ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ခိုင်ထူး(ပြန်/ဆက်)**



# ညောင်လေးပင်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေး

ညောင်လေးပင် မေ ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ယနေ့နံနက် ၁၀ နာရီက သီရိရတနာခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းဆောင်ရွက်**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိ ဒေါ်နန်းယုဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းဆောင်ရွက်ခဲ့ကြကာ တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ၊ မြို့နယ်အတွင်းရှိ မြို့ပေါ် (၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း ၃၆၉ ဦး တက်ရောက်၍ ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်အေးမာဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဒေါ်စောစန္ဒာသန်းတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များမှ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် အထွေထွေကိစ္စရပ်များကို တက်ရောက်လာကြသူများ ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးမာဦးက နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# မြဝတီမြို့တွင် ချစ်ကြည်ရေးတံတားနှစ်စင်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ပုံမှန်အတိုင်း ကုန်သွယ်၊ သွားလာမှုများ စည်ကားအသက်ဝင်လျက်ရှိ

ရန်ကုန် မေ ၈

မြဝတီမြို့တွင် ချစ်ကြည်ရေးတံတားနှစ်စင်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ပုံမှန်အတိုင်း ကုန်သွယ်၊ သွားလာမှုများ စည်ကားအသက်ဝင်နေပြီဖြစ်ကြောင်း ကုန်သည်များနှင့် ဒေသခံများထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။



လမ်းဟောင်းကို အသုံးပြု၍ သွားလာနေသော မြဝတီကုန်စည်ပို့ဆောင်ရေးကားများကို တွေ့ရစဉ်။

မြဝတီမြို့နှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ထားသော မြန်မာ - ထိုင်းချစ်ကြည်ရေးတံတား အမှတ် (၁) ကို ဧပြီ ၂၁ ရက်တွင် ယာယီပိတ်ပြီးနောက် ဧပြီ ၂၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကာ ချစ်ကြည်ရေး တံတားအမှတ် (၂) ကို ဧပြီ ၁၁ ရက်တွင် ယာယီပိတ်ပြီးနောက် ဧပြီ ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

"လက်ရှိ အနေအထားအရ အမှတ်(၂) တံတားက ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေး ဇုန်ထဲက ထိုင်းဘက်မှ ကုန်စည်တွေ မြန်မာပြည်ထဲဝင်သလို မြန်မာပြည်ထဲမှ ကုန်စည်တွေလည်း ထိုင်းဘက်ဆီဝင်နေတဲ့ အနေအထားတွေ့ရတယ်။ ကုန်စည်စီးဆင်းမှုအနေနဲ့ အခုလက်ရှိမှာတော့ ပုံမှန်အနေအထားကို ပြန်ရောက်နေပြီလို့တော့ ပြောလို့ရပါတယ်။ လက်ရှိမှာ မြဝတီမြို့ပေါ်အနေအထားကတော့ အရင်အတိုင်းပဲ တည်တည်ငြိမ်ငြိမ်နဲ့ ပုံမှန်အနေအထားပြန်ဖြစ်နေပြီ" ဟု အလင်းသစ် လူမှုကူညီရေး အသင်းမှ တာဝန်ရှိသူက ပြောသည်။

မြဝတီဒေသခံတစ်ဦးကလည်း တံတားများ ပြန်လည်ဖွင့်လှစ်ပြီးနောက် မြဝတီမြို့၌ ပုံမှန်ကုန်သွယ်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောသည်။

"လက်ရှိကုန်သွယ်မှု အနေနဲ့က တံတားဖွင့်ပြီးတော့ အခုက ပုံမှန် ပြန်ဖြစ်နေကြပါပြီ။ ပြည်မကို သွားနေတာလည်း လမ်းကြောင်းအနေနဲ့ကလည်း အာရှလမ်းမကြီးပိတ်ထားတော့ ဒီလိုပုံစံမျိုး တခြားလမ်းက သွားနေတာက ငါးလလောက်တော့ရှိနေပြီဆိုတော့ ပုံမှန်တော့ဖြစ်သွားပါပြီ"ဟု ၎င်းက ပြောသည်။

လက်ရှိ ကုန်သွယ်ရာတွင် အဆင်ပြေသည့် လမ်းကြောင်းကိုသာ အသုံးပြုနေသည့်အတွက် ကုန်စည် ကြန့်ကြာခြင်းနှင့် သယ်ယူစရိတ် များပြားခြင်းတို့ ရှိနေသော်လည်း မကြာမီတွင် အဆင်ပြေသွားမည်ဟု မျှော်လင့်နေကြကြောင်းလည်း အထက်ပါ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူကပြောသည်။

MT

# တောင်ဥက္ကလာပမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက တောင်ဥက္ကလာပမြို့နယ်ရှိ KORACE အထည်ချုပ်စက်ရုံနှင့် PW & GG Co., Ltd. (သစ်အချောထည်) စက်ရုံတို့၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန သဃ်န်းကျွန်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မမလေးနှင့် ဒဂုံမြို့သစ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရအောင်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဇမ္ဗူသီရိမြို့နယ်အတွင်း တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။




ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ ထွေးကိုကိုက ကျွဲ၊ နွားများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ခွာနာ လျှာနာရောဂါထိန်းချုပ်ဖို့ တည်တံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး တက်ရောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ နွား ၂၄ ကောင်နှင့် ကျွဲ ၁၅ ကောင်တို့အား ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိန်းသူအောင်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ (၇၆)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

ကျောင်းကုန်း မေ ၈

၂၀၂၄ ခုနှစ် မေ ၈ ရက်နေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် "ကမ္ဘာ့ကြက်ခြေနီနေ့" အခမ်းအနားကို ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောက်ပိုင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်က ပေးပို့သည့် သဝဏ်လွှာအား မြို့နယ်ကြက်ခြေနီ သူနာပြုအသင်းခွဲဥက္ကဋ္ဌ ဦးကြည်စိန်က ဖတ်ကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် မြို့နယ်အတွင်း ယာဉ်မတော်တဆဖြစ်မှုများတွင် ရှေးဦးပြုစုခြင်းဖြင့် ကူညီပေးသူများ၊ သွေးလှူရှင်အဖွဲ့များ၊ လူနာတင်ယာဉ် အဖွဲ့များ၊ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ဆီဆိုင်မြို့နယ်၌ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်



ဆီဆိုင် မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆီဆိုင်မြို့နယ်အတွင်း နယ်မြေဒေသလုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ဆီဆိုင်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၀ ခန်း ကြိုးဆက်ခြင်းလုပ်ငန်းများ၊ ၁၁ လိုင်း ကြိုးဆက်ခြင်းလုပ်ငန်းများ၊ ၁၀ မီတာ နှစ်တိုင်ထောင်ခြင်းလုပ်ငန်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တစ်မိုင်၊ ၁၁ ကေဗွီလိုင်း တစ်မိုင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမင်း(ဆီဆိုင်)



## ဇလွန်မြို့နယ်တွင် မြေလွှာခွဲကိရိယာဖြင့် မြေပြုပြင်ခြင်း သရုပ်ပြပွဲကျင်းပ

ဇလွန် မေ ၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉) စက်မှုလယ်ယာစခန်းမှ မြေလွှာခွဲကိရိယာ(Subsoiler)ဖြင့် မြေပြုပြင်ခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ဖက်သောင်ကျေးရွာအုပ်စု အစုကြီးကျေးရွာ တောင်သူဦးရွှေထူး၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲတွင် ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းက Soli Compaction ကြောင့် ကျစ်လျစ်သိပ်သည်းမှု ဖြစ်နေသော မြေလွှာ (Hardpan) များကို ထိုးခွဲနိုင်ခြင်းကြောင့် မြေဆီလွှာအတွင်းသို့ ရေကောင်းစွာ စိမ့်ဝင်နိုင်ခြင်း ၊ Hardpan များကို ထိုးခွဲနိုင်ခြင်းကြောင့် ဒုံပေါက်မှုပြဿနာကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း ၊ မြေဆီလွှာအတွင်း အမြစ်များ အလွယ်တကူ ထိုးဖောက်ဝင်ရောက် ကြီးထွားနိုင်ခြင်း ၊ Hardpan အလွှာအောက်မှ အစိုဓာတ်အား အပေါ်ယံမြေဆီလွှာအောက်မှ အလွယ်တကူ စုပ်ယူရရှိနိုင်ခြင်း ၊ အောက်စီဂျင်နှင့် နိုက်ထရိုဂျင် လုံလောက်စွာရရှိခြင်းကြောင့် အပင်များ ရှင်သန်ကြီးထွားမှုကို ပိုမိုကောင်းမွန်စေကြောင်း ရှင်းလင်းပြောကြားပြီး မြေလွှာခွဲကိရိယာဖြင့် မြေပြုပြင်ခြင်း သရုပ်ပြသကြသည်။

အဆိုပါ သရုပ်ပြပွဲသို့ ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ တောင်သူများ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ မီးသတ်ယာဉ်များဖြင့် ရေပေးဝေလှူဒါန်း

ပုသိမ် မေ ၈

ဧရာဝတီ တိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် မြို့နယ်အသီးသီးသို့ မီးသတ်ယာဉ်များဖြင့် ပေးဝေလှူဒါန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ်၏လမ်းညွှန်မှု၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ် ဦးစီးမှူး၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ငပုတောမြို့နယ် ဒီးဒူးကုန်းကျေးရွာအုပ်စု ကျောက်ကလပ်ကျေးရွာသို့ တပ်ကြပ်ကြီး အောင်နိုင်မိုး ဦးဆောင်၍ သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့က မီးသတ်ရေသယ်



ယာဉ်တစ်စီးဖြင့် ရေဂါလန် ၁၈၀၀၊ လပွတ္တာခရိုင် လပွတ္တာမြို့နယ် အပြင်ရေဆိုင်ကျေးရွာသို့ ဦးစီးအရာရှိ ဦးစိမ်းကိုကို ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦးတို့က မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၁၆၀၀၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဥဒ္ဒါချစ်လှဘုရားသို့ ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးတို့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၈၀၀၊ ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် အထောင်မြို့ အိမ်သုံးဆယ်ကျေးရွာသို့ လက်ထောက် မီးသတ်ဦးစီးမှူး ဦးရဲလွင်ဦး ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးတို့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၈၀၀ နှင့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမှတ်(၁၄)ရပ်ကွက်နှင့် အမှတ်(၁၅)ရပ်ကွက်တို့သို့ ဦးစီးအရာရှိ ဦးသက်နိုင်ဝင်း ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့က မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၃၂၀၀ တို့ကို ရေပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်၌ ကြာကန်အင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

သံဖြူဇရပ် မေ ၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကြာကန်ရပ်ကွက်ရှိ ကြာကန်အင်း၌ ပြုလုပ်ခဲ့သည်။

### ရာနှုန်းပြည့်ပြီးစီး

အဆိုပါကြာကန်အင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မတ်လအတွင်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မေ ၈ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင်ရေးပေးဝေရေးလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စေတနာရှင်၊



အလှူရှင်များက မြို့ပေါ်ရပ်ကွက်များရှိ သောက်သုံးရေအခက်အခဲဖြစ်သည့် ပြည်သူများအား နေ့စဉ် ရေဂါလန် ၅၀၀၀၀ ခန့်ကို စက်သစ်ရပ်ကွက်ရှိ စက်ရေးတွင်းမှ ရေသယ်ယာဉ် ငါးစီးဖြင့် လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ တောင်သူအသိပညာပေး ဆွေးနွေးပွဲနှင့် နွေစပါးများ စံကွက်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း စပါးအထွက်နှုန်းများ တိုးတက်လာစေရန်အတွက် တောင်သူအသိပညာပေးခြင်းလုပ်ငန်း



များကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက် ၈ နာရီက ညောင်ကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ မိုးစပါးစိုက်ရာသီတွင် မျိုးစေ့ချကိရိယာ(Seeder)အသုံးပြု၍ စပါးစိုက်ပျိုးနိုင်ရေး တောင်သူ အသိပညာပေးဆွေးနွေးခြင်းနှင့်စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါးများ စံကွက်ရိတ်သိမ်းပွဲကို ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်နိုင်က Seeder ဖြင့် နွေစပါးစိုက်ပျိုးမှုများကို ရှင်းလင်းပြောကြားပြီး မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က နွေစပါးစိုက်ပျိုးမှုအခြေအနေများအပေါ် ရှင်းလင်းပြောကြားပြီး တောင်သူ ဒေါ်လွင်မာဝင်းက Seeder ဖြင့် စိုက်ပျိုးမှုအခြေအနေများအပေါ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးမြတ်ကျော်က စပါးတစ်ဧကအထွက်နှုန်း အပြည့်အဝထွက်ရှိရေးနှင့် စပါးမျိုးစေ့ချကိရိယာ အသုံးပြုရခြင်း၏အကျိုးကျေးဇူးများကို တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ကုန်းကျေးရွာရှိ တောင်သူဒေါ်လွင်မာဝင်း၏ မှော်ဘီ-၃စံပြစိုက်ခင်းစိုက်ဧက ၁၀ တွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားရှိသည့်နွေစပါး ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ကြရာ တစ်ဧက အစိုအထွက်နှုန်းအနေဖြင့် ၁၅၁ တင်းနှင့် အခြောက်အထွက်နှုန်း ၁၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

မှော်ဘီမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးသီးထပ်လျာထား စိုက်ဧက ၅၂၇၃ ဧကရှိသည့်အနက် ဧကပေါင်း ၆၇၀၁ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၁၄၂၈ ဧကကို ကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

# အစ္စရေး-ပါလက်စတိုင်းပဋိပက္ခအား နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တိုက်တွန်းပြောကြား

နယူးယောက် မေ ၈

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအား စစ်ရေးအရဖြေရှင်းခြင်းကို ရှောင်ရှားပြီး နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာကာ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ရန် အစ္စရေးနှင့် ပါလက်စတိုင်းတာဝန်ရှိသူများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က တိုက်တွန်းပြောကြားခဲ့သည်။ နယူးယောက်ရှိကုလသမဂ္ဂရုံးချုပ်၌ သတင်းထောက်များအား ပြောကြားရာတွင် ဂါဇာဒေသရှိ ရာဖာမြို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေသည် ဆိုးရွားနေပြီး အခြေခံလူသုံးကုန်များအပါအဝင် လောင်စာဆီများ ပြတ်လပ်သည့် အခြေအနေသို့ ရောက်ရှိနေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

မကြာမီကဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း အစ္စရေးနိုင်ငံသား ၁၁၀၀ နှင့် ပါလက်စတိုင်းနိုင်ငံသား ၃၄၀၀၀ သေဆုံးခဲ့ရသဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံများ သေကျေခဲ့ရသည့် အဖြစ်အပျက်မှ ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လက်နက်ကိုင် တိုက်ခိုက်မှု၏ အကျိုးဆက်အဖြစ် ဂါဇာဒေသရှိ ရာဖာတွင် အရပ်သားများသေဆုံးမှုများပြားလာပြီး မလုံခြုံသည့် အခြေအနေတွင်ရှိနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုဖြစ်ပွားနေသည့် ပဋိပက္ခသည် ဂါဇာဒေသကိုသာမကဘဲ အရှေ့အလယ်ပိုင်းဒေသ တစ်ခုလုံးကိုပါ ထိခိုက်စေသဖြင့် ယင်းပဋိပက္ခကို ရှောင်ရှားနိုင်ရေးအတွက် အစ္စရေးအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေးအတွက် ဝိုင်းဝန်းအကြံပြုရန် နိုင်ငံတကာ အသိုက်အဝန်းအား တိုက်တွန်းကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ





# ဘရာဇီးနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဦးထပ်မံသေဆုံး၊ သေဆုံးသူပေါင်း ၉၀ အထိရှိလာ

ရီယိုဒီဂျနေးရိုး မေ ၈

လွန်ခဲ့သော ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံတောင်ဘက် ရီယိုဂရန်ဒီဒိုဆာပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် ငါးဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ ၉၀ အထိ ရှိလာကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

ထို့ပြင် စံချိန်တင်မိုးရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုကျမှုများကြောင့် ဒေသခံ ၁၃၂ ဦး ပျောက်ဆုံးလျက်ရှိပြီး ၃၆၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ လွန်ခဲ့သောရက်သတ္တပတ်အတွင်း ဒေသခံပြည်သူ ၂၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းပြောကြားခဲ့သည်။

ပေါ်တိုအလီဂရီပြည်နယ်အပါအဝင် ပြည်နယ်အတွင်း နေထိုင်သူဦးရေ ၁ ဒသမ ၄ သန်းကျော်သည် ရေကြီးရေလျှံမှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည်။ ပြည်သူ ၈၅ ရာခိုင်နှုန်းကျော်သည် ရေထောက်ပံ့မှုကို ဆုံးရှုံးလျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းပေါင်း ၇၉၀ ကို ယာယီပိတ်ပင်ထားပြီး စာသင်ကျောင်း ၅၂ ကျောင်းကို ဒေသခံပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများအဖြစ် ဖွင့်လှစ်ထားကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူးအစ် အင်နာစီယိုလူလာဒါဆေးလ်ဗားသည် ဘေးအန္တရာယ်ဖြစ်ပွားရာနေရာများသို့ သွားရောက်ခဲ့ပြီး ကူညီထောက်ပံ့မှုများ ပေးအပ်သွားရန် ကတိပြုခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမလေးလအတွင်း ပြည်ပဆန်တင်ပို့မှုမှ အမြတ်ငွေ ကန်ဒေါ်လာသန်း ၁၇၀ ရရှိ

ဖနောင်ပင် မေ ၈

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း ဆန်တန်ချိန် ၂၄၈၀၀၀ ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပြီး အမြတ်ငွေ ကန်ဒေါ်လာသန်း ၁၇၀ ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးလုပ်ငန်းအသင်းချုပ်က ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလမှ ဧပြီလအတွင်း နိုင်ငံနှင့်ဒေသ ၆၀ သို့ ဆန်တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ဆန်ကို ထိပ်တန်းဝယ်ယူသည့်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ဇန်နဝါရီလမှ ဧပြီလအတွင်း ဆန်တန်ချိန် ၆၇၄၅၇ တန် ရောင်းချခဲ့ပြီး အမြတ်ငွေ ကန်ဒေါ်လာ ၄၂ ဒသမ ၃ သန်း ရရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပဆန်တင်ပို့မှုဆိုင်ရာ ဈေးကွက်ချဲ့ထွင်ရေးအတွက် မိမိနိုင်ငံနှင့် ပြီးပြည့်စုံသည့် ဒေသတွင်း လွတ်လပ်စွာကုန်သွယ်ခွင့်ဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအကြား ဆန်တင်ပို့မှုမြှင့်တင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ချန်နီမုက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# သီရိလင်္ကာအစိုးရက ပညာရေးဆိုင်ရာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအတွက် အဆိုပြုချက်တစ်ခု အတည်ပြု

ကိုလံဘို မေ ၈

သီရိလင်္ကာအစိုးရသည် တရုတ်အစိုးရ၏ထောက်ပံ့မှုနှင့်အတူ ပညာရေးဆိုင်ရာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုအတွက် အဆိုပြုချက်တစ်ခုကို အတည်ပြုခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက မေ ၇ ရက်တွင် ပြောကြားသည်။

တရုတ်အစိုးရသည် သီရိလင်္ကာနိုင်ငံ၌ အထွေထွေပညာရေး၏ ဒစ်ဂျစ်တယ်ပြောင်းလဲမှုကို ထောက်ပံ့ရန် သဘောတူခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်၍ လေ့လာဆန်းစစ်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲရာတွင် အထောက်အကူပြုစေမည့် ကိရိယာပစ္စည်းများသည် သင်ကြားမှုနှင့် သင်ယူမှုနည်းလမ်းများကို ထိရောက်မှုရှိစေမည်ဖြစ်သည်။

ထို့ပြင် အရင်းအမြစ်များကို မျှဝေခြင်း၊ ကျောင်းသားကျောင်းသူများအား ကျွမ်းကျင်ပညာရှင်များက အသိပညာမျှဝေပေးခြင်း၊ ဆရာ ဆရာမဦးရေ နည်းပါးပြတ်လပ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ရှောင်ရှားခြင်းနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းစသည့်ကောင်းကျိုးများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ဂါဇာတောင်ပိုင်းရှိ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းအား အစ္စရေးတပ်ဖွဲ့သိမ်းပိုက်

ဂျေရုဆလင် မေ ၈

အစ္စရေးတပ်ဖွဲ့က ဂါဇာတောင်ပိုင်းရှိ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကို သိမ်းပိုက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အဆိုပါနယ်စပ်ဖြတ်ကျော်စခန်းကို သိမ်းပိုက်ခြင်းသည် ဟားမတ်စ်၏ ကျန်ရှိနေသေးသော စစ်ရေးစွမ်းရည်များကို ဖျက်ဆီးရန်အတွက် အလွန်အရေးကြီးသော ခြေလှမ်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရာဖာနယ်စပ်ဖြတ်ကျော် စခန်းကို သိမ်းပိုက်ခြင်းမှာ ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ယင်းကဲ့သို့ ရန်လိုမှုများ ဆက်လက်ရှိနေပါက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရှိလာမည်မဟုတ်ကြောင်း ဟားမတ်စ်အဖွဲ့က သတိပေးထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဟားမတ်စ်အဖွဲ့အား အပြည့်အဝချေမှုန်းပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အိပ်မက်ဆိုးတစ်ခု ဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့သည်။

ယခုကဲ့သို့ ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းအား အစ္စရေးတပ်ဖွဲ့က သိမ်းပိုက်လိုက်ခြင်းအားဖြင့် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးပို့ခြင်း ရပ်ဆိုင်းသွားနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူ များက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော်    မေ    ၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်နှင့် ၆ ရက် တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၄ ဒသမ ၈၇၈ တန်၊ သစ်မာ ၇ ဒသမ ၁၉၃တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၇၀၆၇၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပြည်မြို့ ရွာဘဲရပ်ကွက်၌ လိုင်စင်မဲ့ Nissan AD Van ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၀၆၇၄ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၆ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ နမ္မဘောဒတံတား၌ တန့်ယန်းမြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လည်တို တောစီးကင်းဘတ်ဖိနပ် အရန်၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၆ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံမြို့ မြို့အဝင်မိုင်တိုင် အမှတ်(၂/၇) အနီး၌ ဘားအံမြို့မှ သထုံမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၁၈၀၀၊ DEEDO အချိုရည်ဘူး ၃၆၀၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် Asia Star Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း ဟန်မြင့်မိုရ်ရွာအနီး၌ ရပ်တန့်ထားသော ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ၂၀ ကီလိုဂရမ်ပါအိတ် ၄၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck သုံးစီး၊ Nissan Diesel Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

ထို့အပြင် မေ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ် ကူဖြူကျေးရွာအနီး၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၄၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၂၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Canda 110 ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၃၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၆ ရက်တွင် ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပလတ်စတစ်ဘူးခွံ (အလွတ်) ၂၀၆၀ ကီလိုဂရမ်၊ ထိုင်းနိုင်ငံထုတ် TRS Iodized Refined ဆားအိတ် ကီလိုဂရမ် ၅၀ ပါ အိတ် ၃၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မေ ၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း သီရိရတနာ ဈေးရှေ့၌ လိုင်စင်မဲ့ Toyota Corolla ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၄၄၁၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၇၄၃၁၈၅၀၇၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော်    မေ    ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၉ ဒသမ ၀၄၃၈ တန်၊ သစ်မာ ၁၇ ဒသမ ၇၉၈၄ တန်၊ အခြား ၁၉၀ ဒသမ ၃၉၇၆ တန် စုစုပေါင်း ၂၂၇ ဒသမ ၂၃၉၈ တန်၊ ယာဉ်/ ယန္တရား သုံးစီး၊ တရားခံ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၅-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လူမပြုနတ်ထုသည့်...ကျွန်း
- ၀၉:၁၅ NRC အစီအစဉ် (မွန်)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ပုလဲကေရိမှ အဖိုးတန်ပုလဲရတနာလေးများ
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၂၇)
- ၁၆:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'မှုံပိုင်ရှင်'
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ 'အခင်းနားဆုံးသစ်ပင်' (အပိုင်း-၁၆)
- ၁၉:၃၀ နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ဒိုင်မာတိုးတက်စေရမည်
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃၀)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း-၈)

### mitv

- 07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:09 Dhammayangyi Temple
- 07:25 Ecotourism: Naga Traditional Customs
- 07:44 Mulberry Art Painting: Muu Muu
- 08:01 News
- 08:26 Tray Art Products
- 08:37 Topical Science Topic: Beauty of Marine Life
- 09:01 Styles of Mro & Thet
- 09:08 ASEAN - We are One
- 09:22 Star Bean Production
- 09:41 The Great Collector: Myanmar Antique Furniture and Handicraft
- 10:01 News
- 10:27 Myanmar Traditional Snacks: Shwe Hta Min

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
လှမ်းခုံပါလေတောင်တို့မြေ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ခေါက်ဆွဲချပ်ပြုလုပ်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
စိတ်ဝင်စားဖွယ်ရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့တဘူး(ခေါ်)တားမြစ်ချက်)

**ဂေဘာကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဟင်းထုပ်ပေါင်း

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အသီးအသင်္ခါ)

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ရာဇဝင်ကျော်ရေလှောင်တမံ

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းသီချင်းကြိုး (အပိုင်း-၆)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာမညမြေမှအလှတရားများ (အပိုင်း-၁)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
သဲပုံစေတီပွဲတော် (သျှစ်သောင်းမြောက်ပွဲ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ မြို့တော်သာယာ ရေကြည်ဖြာ
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇)

### MRTV FARMERS / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ညှော်သည် (ဇာတ်လမ်း)
- ၂၂:၀၀ City of the Future: Singapore- Full Episode | National Geographic
- ၂၃:၀၀ Cork Rooftop Farm - The Documentary - Episode One How It All Began

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိ ရှောင်တခင်စစ်ဆေး




**နေပြည်တော် မေ ၈**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများပါဝင်သည့် စစ်ဆေးရေးအဖွဲ့များသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**စစ်ဆေး**

ထိုသို့ ရှောင်တခင်စစ်ဆေးစဉ် ခွင့်ပြုထုတ်ပေးသည့် စက်သုံးဆီအမျိုးအစားနှင့် ပမာဏများအတိုင်း အရောင်းဆိုင်သို့ အမှန်ရောက်ရှိခြင်း ရှိ/မရှိ၊ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် ကိုက်ညီမှန်ကန်မှု ရှိ/မရှိ၊ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ရောင်းချခြင်း ရှိ/မရှိ၊ မီးဘေးအန္တရာယ် ကာကွယ်ရေး ကိစ္စရပ်များ ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ/မရှိတို့ကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကာ အလားတူ ရှောင်တခင်စစ်ဆေးမှုများအား မကြာခဏ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့တွင် နေရပ်စွန့်ခွာဒေသခံပြည်သူများ၏ နေအိမ်များမှ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ယူဆောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာဒေသခံပြည်သူများ၏ နေအိမ်များမှ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများအတွင်း အဆောက်အအုံများစွာပျက်စီးခဲ့ခြင်းနှင့် ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လူမှုကွန်ရက်တွင် ဖြန့်ဝေနေသည့် သတင်းများမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ၊ NMSP AD (မွန်ခွဲထွက်အဖွဲ့)နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဌာနဆိုင်ရာအဆောက်အအုံများ၊ ရဲစခန်းများအား မတ် ၂၄ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လာသည့်အတွက် ကျေးရွာများအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်စွာဖြင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ ပြန်လည်နေထိုင်နိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation) ဖြင့် ဆောင်ရွက်ခဲ့ရာ ဓမ္မသတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို ဧပြီ ၂၅ ရက် တွင် ထိန်းချုပ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၇ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "R Kar Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၇)ရပ်ကွက်နေ အောင်ဇင်ထွေး(ခ)အာကာအောင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊လူနေရပ်ကွက်အမှတ်-(၅)၊ မြေကွက်အမှတ် (၃၉၁)၊ (အလျား ၄၀ပေx အနံ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏ မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ဘယ်ခြမ်း)၊ (အလျား ၂၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ ဦးမြင့်စောဦး[၁၂/သကတ(နိုင်)၀၂၁၁၀၅]၊ ၂။ ဒေါ်လေးလေးမြင့် [၁၂/သကတ(နိုင်)၀၂၀၆၅၀] အမည်ပေါက်ကြောင်း၊ ရောင်းသူ ဒေါ်စန္ဒာလင်း[၁၂/လသန(နိုင်) ၀၁၅၂၂၁]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇူလိုင်မို့မို့အောင်[၁၃/ကတန(နိုင်)၁၁၂၆၃၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B.,DB.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ကုန်သည်ရပ်ကွက်၊ ဖအောင်ဝဲလမ်း၊ (နန်းထိုက်/ထိပ်တန်းမုန့်ဟင်းခါးဖို) ဦးအောင်လွင် (ခ) ဦးအောင်ကြိုင်[၇/ဒဥန(နိုင်)၀၈၄၆၄၄]နှင့် ဒေါ်ကြူကြူ[၇/ဒဥန(နိုင်)၀၀၁၀၃၉]တို့၏သားကြီးဖြစ်သူ မောင်အောင်ရဲထက်(မှတ်ပုံတင်မရှိ)သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်အောင်ရဲထက်နှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်လွင်(ခ)ဦးအောင်ကြိုင်–ဒေါ်ကြူကြူ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးအောင် [၁၃/နစန(နိုင်)၀၁၀၀၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းမကြီး၊ အမှတ်(၆၁)ရပ်ကွက်၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(၃/A)၊ (၂)လွှာ၊ လူနေအိမ်ခန်းအမှတ်(၂၁၁) ဟုခေါ်တွင်သော အကျယ်အဝန်း(၆၀၀)စတုရန်းပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်တင်ကျော် [၁၂/ဗတထ(နိုင်)၁၀၉၁၃၉၆]က လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးအောင် [၁၃/နစန(နိုင်)၀၁၀၀၀၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမျိုးအောင်**
**[၁၃/နစန(နိုင်)၀၁၀၀၀၂]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်ပပခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၄၈၇၃)**
**အမှတ်(၅၇၈/က)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၄၂၀၂၀၇၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သင်္ဃန်းကျွန်းမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်– ၃၇

ဒေါ်သန္တာကြည် နှင့် ဦးရဲမင်းဦး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၅)နေ တရားပြိုင် ဦးရဲမင်းဦး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် မေလ ၂၄ ရက် (၁၃၈၆ ခုနှစ် ကဆုန်လဆုတ် ၂ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် မေလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အေးချမ်းပိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သင်္ဃန်းကျွန်းမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်း (၅)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် သတ်မှတ်ထားသည့်အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်–

(၁) ဦးထုပ်
(၂) ကျောပိုးအိတ်
(၃) စပို့ရှပ်
(၄) ရင်ထိုး
(၅) လည်ဆွဲကတ်

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် ၁၀၀၀၀ဝိ/– (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပြီး ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည် –

(က) စတင်ရောင်းချမည့်ရက် – (၉–၅–၂၀၂၄)ရက်မှ (၂၃–၅–၂၀၂၄)ရက် (၀၉:၃၀) နာရီမှ (၁၆:၀၀)နာရီထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက်– (၁၀–၅–၂၀၂၄)ရက်မှ (၂၄–၅–၂၀၂၄)ရက် (၀၉:၃၀) နာရီမှ (၁၆:၀၀) နာရီထိ
(ဂ) တင်ဒါပိတ်မည့်ရက် – ၂၄–၅–၂၀၂၄ ရက်၊ (၁၆:၀၀) နာရီ
(ဃ) တင်ဒါဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရန် – စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာဌာန၊ ထောက်ပံ့ဌာနခွဲ၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၄၈)၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၀၆၇–၄၃၁၃၆၇/၄၃၁၃၃၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ် (၄၈)၊ နေပြည်တော်**

## "မြေပိုင်ရှင်များသိရှိနိုင်ရန် ကြေညာခြင်း"

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၃)ရုံး အခြေစိုက်ဖွင့်လှစ်ထားသော မုံရွာမြို့၊ အလုံ(မင်းဒေါင့်)ရပ်ကွက်၊ အလုံတောင်ကွင်း၊ ကွင်းအမှတ်(၃၂၇)တွင်ပါဝင်သော မြေကွက်(၉၆)ကွက်အား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်သတင်းစာများတွင် နှစ်စဉ်ကြော်ငြာထည့်သွင်းပြီး လျော်ကြေးငွေများပေးအပ်လျက်ရှိရာ ယနေ့အထိ မြေကွက်(၉၁)ကွက်အား လျော်ကြေးငွေပေးချေခဲ့ပြီး ဖြစ်ပါသည်။ ပေးလျော်ရန် ကျန်ရှိသည့် မြေကွက် (၅)ကွက်၏ ပိုင်ရှင်များအနေဖြင့် ယခုကြော်ငြာသည့်နေ့မှစ၍ (၃၁–၇–၂၀၂၄) ရက်နေ့အတွင်း နောက်ဆုံးထား၍ သက်ဆိုင်သူကာယကံရှင်(သို့မဟုတ်) မိသားစုဝင်များ ကိုယ်တိုင်ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ အောက်ဖော်ပြပါ လိပ်စာသို့ အမြန်ဆုံး လာရောက်ဆက်သွယ်ကြရန် နောက်ဆုံးအကြိမ် အသိပေးကြော်ငြာအပ်ပါသည်–

| စဉ် | မြေကွက်ရရှိသူအမည် | အကွက်အမှတ်နှင့်ဦးပိုင်အမှတ် |
|---|---|---|
| ၁ | ဦးတင်လင်း | ၂လမ်း–စ(၁) |
| ၂ | ဗိုလ်မှူးသန်းထွန်းအောင် | ၁လမ်း–စ(၆) |
| ၃ | ဗိုလ်ကြီးရန်နိုင်ထွန်း(ဦးကျော်ဆွေ) | ၃လမ်း–ဆ(၅) |
| ၄ | ဗိုလ်ကြီးမျိုးမြင့် | ၂လမ်း–ဆ(၁၄) |
| ၅ | အရာခံဗိုလ်လှဝင်း | ၃လမ်း–ဇ(၁၄) |

**လျော်ကြေးငွေပေးအပ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**

ဆက်သွယ်ရန်လိပ်စာ – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၃)ရုံး၊ စူးစမ်းလေ့လာရေးဌာနခွဲ (မင်းဒေါင့်စခန်း) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ မုံရွာမြို့၊ ၀၉–၉၅၇၆၂၇၆၇၂၊ ၀၉–၉၅၀၇၃၇၇၄၃
– မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မုံရွာမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇၊ လူနေရပ်ကွက်အမှတ်–၅/၂၊ မြရတနာလမ်းနှင့် သီရိမင်္ဂလာပတ်လမ်းထောင့်၊ မြေကွက်အမှတ်–၂၅၁၊ အကျယ်ပေ(၄၃x၆၀)ပေရှိ ဦးလှဖံ အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးလှဖံထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ခင်သောင်းကြည်[၁၂/ကမတ(နိုင်)၀၄၃၀၆၁] နှင့် ဒေါ်သန်းသန်းဆွေ[၁၂/ကမတ(နိုင်)၀၄၃၀၆၃]တို့မှ ၎င်းတို့ဝယ်ယူစဉ်က ရရှိခဲ့သော ဆက်စပ်စာချုပ်မူရင်း(၂)စောင်မှာ ပျောက်ဆုံးနေကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းမရှိကြောင်း အဆိုပြုကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးနိုင်သက်ပိုင်ထက်[၁၂/ရပသ(နိုင်)၀၈၂၄၂၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်အပါအဝင် ဆက်စပ်စာချုပ်မူရင်း(၂)စောင်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးနိုင်သက်ပိုင်ထက်**
**[၁၂/ရပသ(နိုင်)၀၈၂၄၂၇]**
**အမှတ်–၃၁၅၊ ဘုရင့်နောင်လမ်း၊**
**(၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)**
**အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊**
**(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၅၁၈၉၆၈၉**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား (မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ)များဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | စက်နှင့်စက်ပစ္စည်းကိရိယာအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | Tractor Rotary Cutter(ထွန်စက်) | 2Nos | မြန်မာကျပ်ငွေ |
| ၂။ | X–ray Machine(Check Baggage) Multi View, XIS–1080 | 2Nos | –။– |
| ၃။ | CGX AERO Flight Procedure Design Software System ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း | 1 Lot | –။– |
| ၄။ | Aeronautical Information Management System အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | 1Lot | –။– |
| ၁။ | Spare parts For Selex Doppler VHF Omni–Dirctional Radio Range/Distance Measuring Equipment (DVOR/DME) | 1 Lot | နိုင်ငံခြားငွေ |
| ၂။ | Spare Parts for VSAT/RCAG system | 1 Lot | –။– |
| ၃။ | Non–Directional Radio Beacon System(NDB) | 2 Sets | –။– |
| ၄။ | New ATMC အတွက် Consultancy Services to Prepare Transition & Undertake Safety Assessment for The Myanmar ATC System ဆောင်ရွက်ခြင်း | 1 Lot | –။– |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား (၁၀–၅–၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၂၅–၅–၂၀၂၄) ရက်နေ့တွင် တင်ဒါအရောင်းပိတ်ပြီး(၅–၆–၂၀၂၄) ရက်နေ့ ညနေ ၁၅:၀၀ နာရီအချိန်တွင် တင်ဒါများနောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း နံပါတ်–၀၁–၅၃၃၀၃၀ လိုင်းခွဲ–၅၂၁၊ ၀၉–၄၀၁၆၂၀၇၂၃ အသီးသီးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## City Concrete Co., Ltd. မန်နေးဂျင်းဒါရိုက်တာ ဦးစိုးစိုးဦးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ဘူတာရုံလမ်း၊ အမှတ် – ၁၉–၂၁ တွင် ရုံးခန်းဖွင့်လှစ်ထားသော Tiger Supply Co., Ltd., ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်လွှဲအပ်ခြင်းခံရသူ Senior Accountant ဒေါ်ဇင်မေထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာပါသည်–

လူကြီးမင်းသည် လူကြီးမင်း၏ City Concrete Co., Ltd. အတွက် အသုံးပြုရန် ကျွန်ုပ်အမှုသည်ကုမ္ပဏီထံမှ Mighty Brand ခေါ်တွင်သည့် Concrete ဓာတုထုတ်ကုန်(Concrete Chemical Product) များကို ၂၀၁၉ ခုနှစ်မှ စတင်၍ မှာယူဝယ်ယူခဲ့ပြီး ၁၆–၁၁–၂၀၂၃ ခုနှစ်ထိ ကျွန်ုပ်အမှုသည်ကုမ္ပဏီကလည်း ရောင်းချပေးခဲ့၍ လူကြီးမင်းလုပ်ငန်းခွင်သို့ ပေးပို့ခဲ့ကြောင်း၊ ထိုသို့ ကျွန်ုပ်အမှုသည်က အဆိုပါဓာတုထုတ်ကုန်များကို လူကြီးမင်းထံသို့ ရောင်းချပေးပို့၍ လူကြီးမင်းတို့ကိုယ်တိုင် ကုန်စည်များကို လက်ခံရရှိခဲ့သော်လည်း အဆိုပါကုန်စည်များအနက် ကုန်စည်ဖိုးငွေကျပ်–**၁၇၉,၈၄၄,၆၂၀/–** (တစ်ထောင့်ခုနစ်ရာကိုးဆယ့်ရှစ်သိန်းနှင့် လေးသောင်းလေးထောင်ခြောက်ရာနှစ်ဆယ်ကျပ်တိတိ)ကို ပေးချေရန် ကျန်ရှိနေပါသည်။ လူကြီးမင်းတို့ ကွန်ကရစ်လုပ်ငန်းနှင့် ကျွန်ုပ်အမှုသည် ကုမ္ပဏီတို့သည် မိတ်ဖက်လုပ်ငန်းများဖြစ်၍ စာနာထောက်ထားသောအားဖြင့် ၎င်းပေးချေရန်ကျန်ရှိသည့်ငွေများကို ပေးချေပါရန် ကျွန်ုပ်အမှုသည်ကုမ္ပဏီရှိ တာဝန်ရှိသူများက ပြေပြေလည်လည်ဖြင့် အကြိမ်ကြိမ်အခါခါ လူကြီးမင်းတို့ထံသို့ ဖုန်း၊ အီးမေးလ်တို့ဖြင့် ဆက်သွယ်၍လည်းကောင်း၊ စာဖြင့်ရေးသား၍လည်းကောင်း၊ လူချင်းတွေ့ဆုံ၍လည်းကောင်း တောင်းခံခဲ့သော်လည်း ပေးချေရန်ကျန်ရှိသည့်ငွေများကို ပေးချေခြင်းမရှိဘဲ ဥပေက္ခာပြုလျက် ဆက်လက်ပျက်ကွက်နေခဲ့ပါသည်။

လူကြီးမင်းအနေဖြင့် ဓာတုထုတ်ကုန် (Concrete Chemical Product) များကို ဝယ်ယူ၍ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စာမှတ်စာတမ်း မှတ်တမ်းများနှင့် လူချင်းတွေ့ဆုံ ညှိနှိုင်းပြောဆိုစဉ် ဝန်ခံကတိစကားများအရ လူကြီးမင်းအနေဖြင့် အဆိုပါကုန်စည်ဖိုးငွေများကို ကျွန်ုပ်အမှုသည်ကုမ္ပဏီသို့ မပျက်မကွက် ပေးချေရန် ဥပဒေအရ တာဝန်ရှိပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းသည် ဤကြေညာစာပါရှိပြီး (၇)ရက်အတွင်း ကျွန်ုပ်အမှုသည်ကုမ္ပဏီသို့ လာရောက် စာရင်းရှင်းပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်စာရင်းရှင်းလင်း ဖြေရှင်းရန်ပျက်ကွက်ပါက မလွှဲမရှောင်သာဘဲ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေအောင် (သျှမ်း)**
**LL.B., DBL, DML, MA (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၂၁၅/၂၀၁၇)**
**အမှတ် (၉/၁၁)၊ အခန်းအမှတ် (၁၀၂ – E)၊ (၃၆) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ တိုက်အမှတ်(၁၀၅)၊ (၈)ထပ်အဆောက်အဦ၏(၂-လွှာ)၊ ပထမထပ်(ညာဘက်ခြမ်း)၊ ခန့်မှန်းခြေအကျယ်အဝန်း (၁၆-၁/၂ x ၄၅)ပေရှိ ရေမီးစုံတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်နှင်းနှင်းခိုင်[၁၂/ဥကတ(နိုင်)၀၀၂၃၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ (၁)ဦးတင်ထွန်း [၁၄/လပတ(နိုင်)၁၃၆၅၈၅]၊ (၂)ဒေါ်အေးအေးခိုင်[၁၄/မမက(နိုင်)၂၄၀၀၄၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းလှိုင်(LL.B)** — **ဒေါ်စန္ဒာလှိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**

**ရုံးခန်း- အမှတ်(၂၇)၊ ပထမထပ်၊ ဖေယျာသီရိလမ်း၊ ဗိုလ်ထွန်းဖံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-27-A 1၊ မြေကွက်အမှတ်- ၃၄ အိုင်/၁၊ ဧရိယာ (၀.၁၃၄)ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၅၊ ရှမ်းရိပ်သာလမ်း၊ ဟုန်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ် ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်မီမီထွန်း [၁၂/ကမတ(နိုင်)၀၀၅၄၉၃]ထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးနေမင်းမျိုးသိန်း [၁၂/ဒဂန(နိုင်)၀၂၉၅၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာအုန်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**

**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/သမိုင်း)၊ မြေကွက်အမှတ်(၂၄/ခ$_A$[ဈ])၊ ဧရိယာ(၀.၃၅၅)ဧကရှိ မြေပိုင်မြေမြို့မြေသတ်မှတ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်လှမြိုင်+ဗိုလ်ကြီးဂျေဆွမ်းလျှင်** တို့၏အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား ၎င်းတို့၏ သမီးများဖြစ်ကြသော **ဒေါ်ခင်မြတ်မူ [၁၂/မရက(နိုင်)၀၆၃၁၇၈]၊ ဒေါ်ခင်မြတ်သူ [၁၂/မရက(နိုင်)၀၆၃၁၇၆]နှင့် ဒေါ်စုစုထွေး [၁၂/မရက(နိုင်)၀၆၃၁၇၇]**တို့က မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၂၆၇၀/၂၀၀၀)အရ မိမိတို့သာ ဥပဒေနှင့်အညီ လက်ရှိထားကာအမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုတည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြတ်မောင်ရှင်(LL.B, DBL, DIL, DML)**

**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**

**အမှတ်-၈၈၊ မြေညီထပ်၊ (၃၈)လမ်း(အောက်ဘလောက်)၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁) သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၇

ဒေါ်အေးရွှေရည်လွင် ---------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၅၅/က)နေ အရွယ်မရောက်သေးသူ မကေဇင်ငြိမ်း ငြိမ်းလဲ့နှင့် မောင်ထွန်းအောင်ကျော်တို့အား ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၅၅၅/က)နေ လျှောက်ထားသူက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူတို့၏ မိခင်အရင်းတော်စပ်သူဖြစ်သည်ဟူ၍ ၎င်းသူတို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားပါမည့် အကြောင်းလျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်၊ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်)နေ့နံနက် (၁၀း၀၀)အချိန်တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါလွင်)

ဒုတိယခရိုင်တရားသူကြီး (၃)

သင်္ဃန်းကျွန်းခရိုင်တရားရုံး

## ဦးပညာဒီပ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ရည်လွင်ကျော် (အထက်တန်းရှေ့နေ)၏ အများသိစေရန် ကြေညာချက်ကို ဖြေရှင်းအသိပေးကြေညာခြင်း

ကြေးမုံသတင်းစာ(၁-၅-၂၀၂၄)ရက်၊ စာ(၂၆) ကြော်ငြာကဏ္ဍပါ ဦးသီလာစာရနှင့် အများသိစေရန် ကြေညာခြင်းသည် ဦးသီလာစာရနှင့်တပည့်ဒါယကာဒါယိကာမများ၏ဂုဏ်သိက္ခာကို ထိပါးစော်ကားလျက် လုပ်ကြံလီဆယ်ထားခြင်းဖြစ်ကြောင်း သိစေသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အောင်မင်္ဂလာဓမ္မရိပ်သာ ကျောင်း၏ ဂရုဘဏ်လဟုဘဏ် အစုစုကို မူလပိုင်ရှင်ဆရာတော် ဦးပညာဒီပနှင့် ဦးဝိပါကတို့က ဆရာတော်ဦးသီလာစာရအား ၅-၁၁-၂၀၂၁(သောကြာနေ့) ရက်စွဲပါ ကတိပြုစာတမ်းဖြင့် မြောက်ဥက္ကလာပမြို့နယ်၊ သံဃနာယကအဖွဲ့(ဝေဠုဝန်)ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နှစ်ဖက်သော တပည့် ဒါယကာ ဒါယိကာမများ အသိသက်သေထား၍ အာလယပြတ်စွန့်လွှတ်လှူဒါန်းပြီးသည်ကို ကာယကံရှင်ဆရာတော် ဦးပညာဒီပနှင့် တပည့်ဒါယကာ ဒါယိကာမများ သိပြီးဖြစ်လျက် "(၁၄)ရက်အတွင်း ပြန်လည်အပ်နှံရန်၊ ဦးပညာဒီပနှင့် ဦးသီလာစာရတို့အကြားတွင် မည်သည့်လွှဲပြောင်းပေးအပ်မှုများမရှိကြောင်း"ဟု ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံလီဆယ်ကြေညာခြင်းဖြစ်၍ အဆိုပါကြေညာချက်ကို (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန်၊ ထေရဝါဒဗုဒ္ဓဘာသာ လုပ်ငန်းစဉ်အရ ဆောင်ရွက်လိုက ဆောင်ရွက်နိုင်ကြောင်း အသိပေးခြင်းနှင့် ဆက်လက်၍ ဂုဏ်သိက္ခာ ထိပါးလုပ်ကြံစော်ကားပြုမူဆောင်ရွက်ပါက သက်ဆိုင်သူအားလုံးကို တရားဥပဒေကြောင်းအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေရှင်းကြေညာအပ်ပါသည်။

**ဆရာတော်ဦးသီလာစာရ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမော် B.Sc, DBL, DIL, DML, PGDL** — **ဒေါ်စန္ဒာထွန်း LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၇၄)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၇၂)**

**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-5156683, 09-420448599**

## မွေးသက္ကရာဇ်နှင့် မှတ်ပုံတင်အမှတ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်နေ (ဘ)ဦးတင်လှ၏သား ဦးထွန်းဝင်းနိုင်၏ မွေးသက္ကရာဇ်နှင့်မှတ်ပုံတင်အမှတ်အမှန်မှာ[၁၂/သဃက(နိုင်)၀၄၂၇၄၁] (၁၅-၅-၁၉၇၆)ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**"ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ သုနန္ဒာရပ်ကွက်၊ သုနန္ဒာ(၃)လမ်း၊ မြေကွက်အမှတ် (၆၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ စတုရန်းဧရိယာ(၂၄၀၀) စတုရန်းပေရှိ ဦးစိုးဟန်[၁၂/ဥကမ(နိုင်)၀၆၉၀၅၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေထဲမှ အမှတ်-၆၆၊ သုနန္ဒာ(၃)လမ်း၊ (စ/သုနန္ဒာ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး"**ရှိ မြေကွက်ကို ဦးစိုးဟန်ကွယ်လွန်ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်စိန်မေ [၁၂/ဥကမ(နိုင်)၀၆၈၆၈၇]လက်ဝယ်ထားပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိဖြိုး [၁၂/ဥကမ(နိုင်)၂၀၉၃၁၀]သည် (၂၀x၆၀)ပေရှိမြေကွက်ကို အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ကြိုပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိုးတင့် (စဉ်-၃၆၀၈၆)** — **ဒေါ်ခင်မိုးသူ (စဉ်-၈၅၂၁/၂၀၁၂)**

**အထက်တန်းရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၇၉၃၅၉၆၆၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာရပ်ကွက်၊ တောရကျောင်းလမ်းသွယ် အမှတ်(၁၀၈/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၅၀ပေx အနံ၄၀ပေ) ရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်သူ (ဘ) ဦးလှစိန် [၁၂/သလန(နိုင်)၁၉၉၅၀၂]မှ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝ ရှိကြောင်းတာဝန်ခံလျက် ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသည်ကို ဒေါ်တင်တင်အေး (ဘ) ဦးကူးမား [၁၂/ကမတ(နိုင်)၀၆၅၉၈၂]က အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီး အိမ်ခြံမြေရောင်းရန်ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ -**

**ဒေါ်တင်တင်အေး**

**[၁၂/ကမတ(နိုင်)၀၆၅၉၈၂]**

**အမှတ် (၂၄၈)၊ (၃)လွှာ၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၈၀၉၆၀၂၁၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ မင်္ဂလာသာဓုရပ်၊ ၂လမ်း၊ အိမ်အမှတ်-၉/၃၄ နေ ဦးသန့်ဇင်ဦး[၉/ပမန(နိုင်)၀၂၆၈၃၅]နှင့် ဒေါ်နှင်းနှင်းစန်း[၉/ပမန(နိုင်)၀၂၆၈၃၈]တို့၏သား မောင်စွမ်းထက်[၉/ပမန(နိုင်)၁၈၆၅၆၃]သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိဘများ**

**ဦးသန့်ဇင်ဦး[၉/ပမန(နိုင်)၀၂၆၈၃၅]**

**ဒေါ်နှင်းနှင်းစန်း[၉/ပမန(နိုင်)၀၂၆၈၃၈]**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံ၊ အောင်ရွှေစင်လမ်း၊ အမှတ်-၁၂၃၃ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၂ ရွှေပေါက်ကံ၊ မြေကွက်အမှတ်- ၁၂၃၃၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ **ဒေါ်သိန်းသိန်း(ဘ)ဦးအောင်ကျော်[၁၂/စခန(နိုင်)၀၄၃၂၆၇]**အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးငြိမ်းမောင်(ဘ)ဦးကျော်ညွှန့်[၉/မလန(နိုင်)၁၀၂၇၄၂]**ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိ လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အပြင် အမည်ပေါက်ထံမှ လွှဲပြောင်းရယူထားသည့် ရန်ကုန်မြို့မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၉- ၅-၂၀၂၃)ရက်စွဲပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၉၂၇ အရ အပိုင်ဝယ်ယူသူများ အမည်ပေါက်သည်အထိ လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းယုဇနေလှိုင်(LL.B)** — **ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**

**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## အမည်ပြောင်းခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ(ဘ)ဦးကျော်ကျော်နိုင် [၁၀/မရက(နိုင်)၀၀၁၉၃၄] ၏ သမီးဖြစ်သူ ရွှေပြည်သာမြို့နယ် အလက(၉) Grade(2)မှ မလှမျိုးနွယ်အား မယွန်းရွှေဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးကျော်ကျော်နိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းခန့်အောင်[၁၂/ဒဂရ(နိုင်)၀၂၇၃၀၂] နိုင်ငံကူးလက်မှတ်စာအုပ်ထုတ်ရန် စလစ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၉၁၈၂၂၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၁၁၇၊ မြေကွက်တည်နေရာ အမှတ်-၁၁၇၊ ဗန္ဓုလလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးသိန်းမောင် (CG-၀၈၂၅၂) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) မြေအား မြေအမည်ပေါက် (ဖခင်) ဦးသိန်းမောင် နှင့် (မိခင်) ဒေါ်နုရ်ဘီ (ခ) ဒေါ်ခင်မြင့်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးစိုးမြင့် [၁၂/မဂဒ(နိုင်)၀၅၆၄၆၉]၊ ဦးအောင်စိုး [၁၂/မဂဒ(နိုင်)၀၅၆၆၂၆]၊ ဦးထွန်းထွန်း [၁၂/မဂဒ(နိုင်)၀၅၇၃၇၅]၊ ဦးလှမိုး [၁၂/မဂဒ(နိုင်)၀၈၄၉၈၉]၊ ဒေါ်ခင်မာလာ [၁၂/ဒဂမ(နိုင်)၀၀၂၄၆၉]၊ ဦးဝင်းဇော် [၁၂/ဒဂမ(နိုင်)၀၀၆၉၉၈]၊ ဦးအောင်ကိုလေး [၁၂/ဒဂမ(နိုင်)၀၀၆၉၉၇]တို့မှ ၎င်းတို့မောင်နှမ (၇)ဦးအား မွေးဖွားခဲ့ကြောင်း၊ အမွေစားအမွေခံကိတ္တိမ သား/သမီးများလုံးဝမရှိကြောင်း၊ သေတမ်းစာရေးသားခဲ့၍ လှူဒါန်းခဲ့ခြင်း၊ ပေးကမ်းခဲ့ခြင်းများမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ (ဖခင်) ဦးသိန်းမောင်နှင့် (မိခင်)ဒေါ်နုရ်ဘီ (ခ) ဒေါ်ခင်မြင့်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ် (၆၄၇)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂-ခန်းတွဲ၊ ၃-ထပ်ခွဲတိုက် အဆောက်အဦရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ တိုက် အမှတ်(၁၈၆)၊ မြေညီထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့်တကွ ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ် ကြောင်း ဝန်ခံကတိပြုကြသူ ဒေါ်ရှိုင်းနီးမွန်း[၁၂/ဥကတ(နိုင်)၁၄၉၉၅၈]၊ ဒေါ်ဥမ္မာဦး [၁၂/သဃက(နိုင်)၁၆၆၁၇၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေယံဝင့်သူ[၁၂/ဥကတ(နိုင်) ၁၈၇၃၃၈]က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** **ဦးလှမော်ထိုက်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၉)**

**အမှတ်(၉၄၁/က)၊မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၄၃၀၀၀၆၂၆၊ ၀၉-၄၅၆၃၃၂၇၃၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၁၀/မြို့မမြောက်ရပ်၊ လူနေရပ်ကွက်အမှတ် - ရတနာဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ-၁၆၄၀)၊ မြေအမျိုးအစား-မြို့မြေ၊ ဧရိယာ(၀.၁၅၈)ဧက (အလျား ၈၀/၉၃ပေx အနံ ၈၀ပေ)ရှိ ဦးအောင်ဌေး အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးအောင်ဌေး[၁၂/ဥကတ(နိုင်) ၀၁၀၉၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးလှဝေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးလှဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အိသိမ့်သိမ့်ကျော် (LL.B)(Q)**

**အထက်တန်းရှေ့နေ(စဉ်-၄၉၅၁၄)**

**လှည်းကူးမြို့။ ဖုန်း-၀၉- ၇၈၉၄၀၄၉၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ်(4E+4B၊၃)၊ Block No-5, ကားပါကင် Basement(၂)ထပ် အပါအဝင် (၃၄)ထပ် RC တိုက်မှ (၁၅-လွှာ)၊ အခန်းအမှတ်(၁၅-၀၃)၊ GOLDEN CITY CONDOMINIUM ဧရိယာ(၁၂၉၁) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Development Co., Ltd. (ကိုယ်စား) ဦးမင်းမျိုးသန့် [၉/မထလ(နိုင်)၁၈၃၇၈၀] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်မေသန္တာသောင်း [၁၂/အစန(နိုင်)၁၈၇၈၃၂]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာသောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်သိန်း(LL.B)** — **ဒေါ်မေမီလှိုင် (LL.B, LLM)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)**

**ဖုန်း-၀၉-၅၄၀၁၉၄၀** — **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ မြေကွက်အမှတ်(4E+4B၊ ၃)၊ Block No-6, ကားပါကင် Basement(၂)ထပ် အပါအဝင် (၃၄)ထပ် RC တိုက်မှ (၅-လွှာ)၊ အခန်းအမှတ်(၀၅-၀၁)၊ GOLDEN CITY CONDOMINIUM ဧရိယာ(၁၂၉၁) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Golden Land Real Estate Development Co., Ltd. (ကိုယ်စား) ဦးမင်းမျိုးသန့် [၉/မထလ(နိုင်)၁၈၃၇၈၀] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်ဆွေဝင်း [၁၂/ကတတ(နိုင်)၀၂၄၄၀၂]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်သိန်း(LL.B)** — **ဒေါ်မေမီလှိုင် (LLB, LLM)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)**

**ဖုန်း-၀၉-၅၄၀၁၉၄၀** — **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်**
**လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်/မြို့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် – (၁၃-၅-၂၀၂၄)မှ(၂၄-၅-၂၀၂၄)ရက်အထိ (၉:၃၀)နာရီမှ(၁၂:၀၀)နာရီ ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းရှူးမြို့။

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် – (၂၇-၅-၂၀၂၄) ရက် (၁၆:၀၀) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – (၂၈-၅-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းရှူးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းရှူးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၀၈၄၀၄၈၁ နှင့် ၀၉-၄၂၈၃၄၃၁၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများကို တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) Help Desk System အား Maintenance ပြုလုပ်ခြင်း၊
(ခ) Vehicle & Cargo Checking System– VCCS System အား Maintenance ပြုလုပ်ခြင်း၊
(ဂ) National Single Window Routing Platform (NSW–RP) System အား Maintenance ပြုလုပ်ခြင်း၊
(ဃ) Application Programming Interface (API) Software Maintenance ပြုလုပ်ခြင်း၊
(င) Application Programming Interface (API) Hardware Maintenance ပြုလုပ်ခြင်း၊
(စ) Portal Site for Website Maintenance ပြုလုပ်ခြင်း၊
(ဆ) Data Warehouse System Maintenance ပြုလုပ်ခြင်း၊
(ဇ) MACCS စနစ်အတွက် တပ်ဆင်အသုံးပြုရန် Firewall Check Point ပစ္စည်းများဝယ်ယူခြင်း၊
(ဈ) MACCS စနစ်အသုံးပြုနိုင်ရန် Firewall Check Point ပစ္စည်းများအား တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ည) အကောက်ခွန်ဦးစီးဌာနမှ တားဆီး/ဖမ်းဆီးခဲ့သော အမှုကိစ္စရပ်များအပေါ် အမှုစတင်သည့်အချိန်မှ အမှုပြီးပြတ်သည်အထိ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် Software Application (Customs Detained Goods Management System) ရေးဆွဲခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၉-၅-၂၀၂၄) ရက်နေ့မှ (၇-၆-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့်နေ့ရက်နှင့် အချိန်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့်နေ့ရက် – (၇-၆-၂၀၂၄) ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့်အချိန် – (၁၆ : ၃၀) နာရီ

၄။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်အား ဝန်ကြီးဌာန Website၊ အကောက်ခွန်ဦးစီးဌာန Website များ (www.customs.gov.mm, www.maccs.gov.mm) တို့တွင် ထပ်မံအသိပေး ကြေညာသွားပါမည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို (၉-၅-၂၀၂၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်ရှိ အကောက်ခွန်ဦးစီးဌာန၊ ရုံးချုပ် (ဒုတိယထပ်)ရှိ (MACCS ဌာနခွဲ IT Section) သို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၃၇၉၄၂၉ (IT Section) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း**

၃၀-၁၁-၂၀၂၃ နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)ရှိ မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ် (၇၈)၊ ကွင်းရပ်ဦးပိုင်အမှတ်(၆၁)/(ခ) ဧရိယာ(၀.၀၈၆) ဧကရှိ ဘိုးဘွားပိုင် ဂရန်အမှတ် (F 618 D 115-9-63) မြေကွက်ကြီးတစ်ခုလုံးနှင့်ပတ်သက်၍ အမွေဆိုင်သားသမီးအများမှ ညီနှိုင်းသဘောတူ ရောင်းချခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ ၃၀-၁၁-၂၀၂၃ နေ့စွဲပါ အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးသီဟဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၆၂၇)**
**ဖုန်း-၀၉-၄၂၀၀၅၉၃၂၆**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅) ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော CT Simulator စက်အားဝယ်ယူရန် တင်ဒါအမှတ်-6DMS(2024–2025)(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် – (၉-၅-၂၀၂၄) ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် – (၂၃-၅-၂၀၂၄) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်**
**လမ်း/တံတားလုပ်ငန်း တင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်/မြို့/လမ်းအထူးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် – (၁၃-၅-၂၀၂၄)မှ(၂၄-၅-၂၀၂၄)ရက်အထိ (၉:၃၀) နာရီမှ (၁၂:၀၀)နာရီ ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့။

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် – (၂၇-၅-၂၀၂၄) ရက် (၁၆:၀၀) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – (၂၈-၅-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၈၇၀၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်**
**လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်/မြို့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် – (၁၃-၅-၂၀၂၄)မှ(၂၄-၅-၂၀၂၄)ရက်အထိ (၉:၃၀)နာရီမှ(၁၂:၀၀)နာရီ ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ နမ့်စန်မြို့။

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် – (၂၇-၅-၂၀၂၄) ရက် (၁၆:၀၀) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – (၂၈-၅-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ နမ့်စန်မြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နမ့်စန်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၈၉၅၃၃၈၃၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍**
**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ ထူပါရုံရပ်ကွက်၊ ထူပါရုံ-၁ လမ်း အနောက်၊ မြေကွက်အမှတ်-၁၁၅၃/က ပေါ်တွင်ဆောက်လုပ်ဆဲ (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမအထပ် (အပေါ်ဆုံးထပ်)၊ (၆)လွှာ၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Naing & Nandar Construction Group ၏ ဆောက်လုပ်ရေးကန်ထရိုက်တာဖြစ်သူ ဦးစိုးနိုင် [၁၂/မဂတ(နိုင်)၀၀၀၉၂၆] ထံမှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားသူ **ဒေါ်စန်းစန်းဝင်း [၁၂/ကတတ(နိုင်)၀၀၉၂၉၆]** က ၎င်းပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ **ဦးပြည့်ဖြိုးသန့်[၁၂/မဂဒ(နိုင်)၁၃၆၄၈၄]** နှင့် **ဒေါ်အေးငြိမ်းသူ [၂/လကန(နိုင်)၀၆၆၇၇၀]** တို့က ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထိုက်ဝေယံ (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၂) (၂၇-၉-၂၀၂၃)**
**အမှတ်-(၆/၇)၊ မဇ္ဈူသကလမ်း၊ ပေါက်ကုန်းရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-421107808**

# အမည်ပြောင်း

ဦးစိုးသူ၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က (၅)၊ Grade-6 ဖြေဆိုထားသူ မောင်ဖြိုးသုတဟိန်းအား ယနေ့မှစ၍ မောင်ဘုန်းထိုက်သူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းထိုက်သူ**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၄၁၇/ခ၊ မြေကွက်တည်နေရာ အမှတ်-၄၁၇/ခ၊ ပတ္တမြားလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံတောင် ဒေါ်နု [၁၂/ဒဂန(နိုင်)၀၅၅၆၉၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်နု(အဘွား) ဖြစ်သူသည် (၂၀-၁၁-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ အဘိုးဖြစ်သူ ဦးခင်မောင်သည် (၂-၁-၁၉၈၃) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကြည်ကြည်မြင့်ကို မွေးဖွားခဲ့ပြီး အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါ။ အမွေစား/အမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါ။ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်မြင့်သည် (၁၈-၅-၂၀၀၁)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးပြေသိန်းသည် (၁၅-၆-၂၀၀၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးဥက္ကာ [၁၂/ရကန(နိုင်)၀၂၅၃၉၆] မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ မြေး/သားဖြစ်ကြောင်း အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစား/အမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသော မြေးအရင်းဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်အမှတ်-၂/၁၅၇/၂၀၂၄ (၅-၂-၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း(၄)စောင်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် သွပ်မိုးပျဉ်ပြားကာ (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဦးဥက္ကာမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးဥက္ကာ၏ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**




**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်**
**လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း**

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်း တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် – (၁၃-၅-၂၀၂၄)မှ(၂၄-၅-၂၀၂၄)ရက်အထိ (၉:၃၀)နာရီမှ(၁၂:၀၀)နာရီ ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကလောမြို့။

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် – (၂၇-၅-၂၀၂၄) ရက် (၁၆:၀၀) နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် – (၂၈-၅-၂၀၂၄)ရက် နံနက်(၁၀:၀၀)နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကလောမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကလောခရိုင်၊ ကလောမြို့သို့ ရုံးချိန်အတွင်း ဖုန်း ၀၈၁-၅၀၀၀၅ နှင့် ၀၈၁-၅၀၀၆၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် (၂၀၂၄-၂၀၂၅) ခု ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ၊ ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumable များနှင့် Speciality Consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် – ၂၄-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံ ဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ – ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့။
တင်ဒါပုံစံ နောက်ဆုံးပေးသွင်းရမည့်ရက် – ၂၃-၅-၂၀၂၄ (ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး-မကွေးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့။**
**ဖုန်း-၀၉-၅၃၃၃၂၂၉**

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ပန်းဆိုးတန်းလမ်း၊အမှတ်(၂၅၆)ရှိ အခန်းအမှတ်(၁၀၁၀/၁၀လွှာ)ကွန်ဒိုတိုက်ခန်းကို ဝယ်ယူမည်ဖြစ်၍ မည်သူမဆို

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ပါတိုက်ခန်းသည် ဦးရဲကျော်ဌေး (၁၂/ပဘတ(နိုင်)၀၂၉၅၂၅)က (၂၂.၄.၂၀၂၄)ရက်စွဲဖြင့် "နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် တရားဝင်ဝယ်ယူခဲ့၍ ပိုင်ဆိုင်သူဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်နွယ်နီလှိုင်မင်း(၁၀/သထန(နိုင်)၀၉၆၇၃၈)ကအပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေများ၏တစ်စိတ်တစ်ဒေသကို(စရံငွေ)အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်မြ(LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
အမှတ်(၅၀/၅လွှာ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉၅၀၄၇၃၈၃

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၂၁)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၈ ပေ x ၅၂ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအောင်ကျော်ဦး [၁၂/ဥကမ(နိုင်)၁၃၄၂၃၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ ( ၁၄ )ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၀၆၀၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၀

၁။ ဦးလဝန်းထွန်း နှင့် ဦးအောင်မိုး
၂။ ဒေါ်ကြည်ပြာသိမ့်သိမ့်ထွန်း
**( တရားလိုများ )** **( တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အခန်း(၁၀၁)၊ အမှတ်(၇၈/၈၂)နေ တရားပြိုင် ဦးအောင်မိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်အပေါ်၌ တရားလိုများက " ငွေကျပ် ၃၇၅,၂၆၄၇၉/–(သုံးရာခုနစ်ဆယ့်ငါးသိန်းနှစ်သောင်းခြောက်ထောင်လေးရာခုနစ်ဆယ့်ကိုးကျပ်တိတိ)အား ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ( ၂၇ )ရက်၊ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ (၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ဒေါ်ဝင်းမြင့် )**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၀

**၁။ ဦးအောင်လင်းထွဋ်** နှင့် **ဦးစောအာလီဂျာမိုး**
**၂။ ဦးသူရကျော်**
(တရားလို) (တရားပြိုင်)

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်– ၈၂၆ နေ ဦးစောအာလီဂျာမိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| က | 7(T)/ESE/2024–2025 | ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ၆၆/၃၃ ကေဗွီ၃၀ အမ်ဗွီအေဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅အမ်ဗွီအေ ထရန်စဖော်မာ(၁)လုံးတိုးချဲ့တည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန် |
| ခ | 8(T)/ESE/2024–2025 | ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ကြို့ပင်ကောက် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူရန် |
| ဂ | 9(T)/ESE/2024–2025 | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) တောင်ငူမြို့ (ရခိုင်စု)နှင့် ကဝမြို့ (အုန်းနဲမြို့) ၃၃/၁၁ ကေဗွီခွဲရုံ အင်အားတိုးခြင်းအတွက်ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်း (၃)မျိုးစီ ဝယ်ယူရန် |
| ဃ | 10(T)/ESE/2024–2025 | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငရုတ်ကောင်းမြို့ ၆၆/ ၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ(၁)လုံး တိုးချဲ့တည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် |
| င | 11(T)/ESE/2024–2025 | နေပြည်တော်၊ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ အမြန်လမ်းအနီး 33 kV, EV Station ဓာတ်အားခွဲရုံအတွက် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် |
| စ | 12(T)/ESE/2024–2025 | မကွေးတိုင်းဒေသကြီး ၆၆ ကေဗွီ မင်းတုန်း–မဲဇလီခွဲရုံသို့ ၆၆ ကေဗွီလိုင်း (၀.၄)မိုင် တည်ဆောက်ခြင်းနှင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အမြန်လမ်းအနီးတွင် 33 kV, AWOC, Double Circuit လိုင်း (၀.၄၇၃) မိုင်အတွက် ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် |
| ဆ | 13(T)/ESE/2024–2025 | တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ထရန်စဖော်မာများတွင် တပ်ဆင်မည့် စီတီမီတာများအတွက် CT Coil များ ဝယ်ယူရန် |

တင်ဒါစတင်ရောင်းချမည့်ရက် –(၉–၅–၂၀၂၄)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် –(၂၃–၅–၂၀၂၄) ရက်နေ့၊ မွန်းတည့် (၁၂ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း– ၀၆၇–၈၁၀၄၂၄၄၊ ၀၆၇–၈၁၀၄၂၄၅ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်–၈၄၄၊ ညောင်ရမ်းလမ်း၊ (၁၇)ရပ်ကွက်နေ ဦးမျိုးဝင်း–ဒေါ်အေးအေးချိုတို့၏သား မောင်ဝေယံလင်း [၁၂/ဥကမ(နိုင်)၂၄၅၄၅၅]သည် ဖခင်၊ မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ဝေယံလင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဝင်း** **ဒေါ်အေးအေးချို**
**[၁၂/ကမရ(နိုင်)၀၂၅၆၆၂]** **[၁၂/ဗဟန(နိုင်)၀၂၁၁၂၅]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၄၀) ရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ်(၅၃၉/က)ဟုခေါ်တွင်သော ဦးအဆဲအလီ(CG–၀၀၅၀၀၇)အမည်ပေါက် မြေချပါမစ်မူရင်း၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမူ[၁၂/တမန(နိုင်)၀၆၃၂၄၂]က (၃၀–၄–၂၀၂၄)ရက်စွဲပါ စာချုပ်ဖြင့် ဦးကျော်သီဟ[၁၂/လကန(ပြု)၀၀၀၀၄၆]ထံမှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ်(၅၃၄/ခ) ဒေါ်သန်းရင်[၁၂/တမန(နိုင်)၀၈၀၅၈၁]အမည်ပေါက် မြေချပါမစ်မူရင်း၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမူ[၁၂/တမန(နိုင်)၀၆၃၂၄၂]က (၇–၄–၂၀၂၄)ရက်စွဲပါ စာချုပ်ဖြင့် ဦးအေးမင်းစိုး[၁၂/ဒဂတ(နိုင်)၀၅၂၄၇၅]ထံမှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်သက်မာ(စဉ်–၁၇၀၂၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ/၅၆၇)၊ ပုလဲငွေရောင်လမ်းမကြီး၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၉၆၄၁၂**




မြန်မာဆိုသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအကိုများအားလုံး ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အထောက်အကူပြုစေမည့် စာအုပ် ။

တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများနှင့်စာကြည့်တိုက်တိုင်းတွင် မဖြစ်မနေထားရှိရမည့် စာအုပ် ။ တန်ဖိုး။ ( ၈၀၀၀ / - ) ကျပ်။ မြဝတီစာပေတိုက်

––––––––––––––––––––––––––––––––––

အမှာတော်ပုံစာပေ ။ Ph / viber ။ 099 45 45 00 55 ၊ 099 45 60 99 88 ။
ဆန်းရှိုင်းစာပေ။ 09 50 89 465 ။ ရန်အောင် ( ၂ ) စာပေ ။ 09 51 95 629 ။
မွန်မြတ်သူစာပေ။ 09 257 378 495 ။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၈၇၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၈၇၃/ခ)၊ သုခမြိုင်လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်သင်းသင်း[၁၂/ဒဂန(နိုင်)၀၁၃၀၄၆]အမည်ပေါက်နှစ်(၆၀) မြေငှား ဂရန်မြေအား ဂရန် အမည်ပေါက် ဒေါ်သင်းသင်းအား တရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးတော်၌ တရားမမှုကြီးအမှတ်–၄၆/၂၀၂၂ ခုနှစ်တွင် ဒေါ်ဖလောရင့်မှ တရားလိုပြုလုပ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ(၅–၅–၂၀၂၃)ခုနှစ်တွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ် –၂၀/၂၀၂၃ ၏ နေ့စဉ်မှတ်တမ်း(၈–၉–၂၀၂၃)တွင် ဘီလစ်ခန့်အပ်ရန် ချမှတ်သည့်ထုံးပုံကျ အပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး၊ (၂၅–၉–၂၀၂၃) ရက်စွဲပါစာအမှတ်– ၄၆၁/ဇာရီ–၂၀/၂၀၂၃၏ ဘီလစ်ခန့်စာ၊ တရားရုံးကိုယ်စားဘီလစ် ဒေါ်ကြည်ကြည်စန်း[၁၄/လမန(နိုင်)၀၀၄၁၅၂]မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး တရားနိုင် ဒေါ်ဖလောရင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်ကြည်ကြည်စန်း၏ အရောင်း မြေပုံကူးလျှောက် ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၀ ခုနှစ် Insolvency Law အရ
## ထရပ်ရေး(စ်) မြန်မာ ကုမ္ပဏီ လီမိတက်
## Travrays Myanmar Company Limited
## အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန် အတွက် အစည်းအဝေးဖိတ်ကြားခြင်း

" ထရပ်ရေး(စ်) မြန်မာ ကုမ္ပဏီ လီမိတက် "၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအပြီးသတ် အစည်းအဝေးကြီးအား (၁၄ – ၅ – ၂၀၂၄)နေ့ နံနက် (၉း၀၀)နာရီတွင် အမှတ်(၆၃၅–အေ–၁)၊ အခန်းအမှတ် (အေ–၃)၊ ရိုးမရိပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်ကို ရယူရန်ရှိပါသဖြင့် အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ရိပ်သာ(၃) လမ်း၊ မြေကွက်အမှတ်( ၄၁၉)ဟုခေါ်တွင်သော(အလျား၄၁ပေ xအနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးဝေမျိုးအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၄၁၈)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၁ပေxအနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် RC တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့်လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူဒေါ်အေးအေးမူ[၁၃/တခလ(နိုင်)၀၀၁၅၆၂]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်မင်း [၈/ပခက (နိုင်)၁၄၉၄၃၂]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)**
**Ph–09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)**
**Ph:09–420080932,09–983837110**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် (၄၁) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ပဉ္စမထပ်၊ ၆–လွှာ၊ (ခေါင်းရင်းခန်း)၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း ( ၁၂$\frac{၁}{၂}$x၅၀ ) ပေခန့်ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိအမည်ပေါက်ပိုင်ရှင်များ (မြေပိုင်ရှင်များ) ဖြစ်ကြသော ဦးဝင်းကြွယ် [၁၂/ဒပန(နိုင်)၀၀၂၄၇၅]၊ ဒေါ်စန္ဒာမင်း [၁၂/စခန(နိုင်)၀၁၈၀၂၀]တို့အား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်စိုးစိုးမြင့်LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၆၃)**
**ဖုန်း–၀၉ – ၄၂၀၃၅၉၆၃**

**ဒေါ်အိဖြိုးဇင် LL.B, DBL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၇၅)**
**ဖုန်း–၀၉ – ၇၉၀၁၂၃၄၈၀**

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံမြ

**အသက်(၉၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၃၉)နေ (ဦးဘိုးခန့်-ဒေါ်ဒေါ်သိန်း)တို့၏ သား၊ ဒေါ်တင်အုန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမြင့်အောင်-ဒေါ်မို့မို့၊ ဦးကျော်စိန်ဝင်း-ဒေါ်မူမူဟန်၊ ဦးစိုးဝင်းအောင်၊ ဦးအောင်မျိုးဇော်-ဒေါ်မူယာဟန်ညွန့်၊ ဦးစိုးလင်း-ဒေါ်မြသီတာလင်း၊ ဒေါ်မြစန္ဒာလှိုင်၊ ဒေါ်မြစမ်းသီတာ၊ ဦးသန်းထိုက်အောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်နေလင်းထွန်း-မအေးမွန်မွန်ထွန်း၊ မောင်ကျော်ကောင်းထက်၊ မောင်နိုင်အောင်၊ မသီရိထက်၊ မောင်လွင်မိုးမြင့်၊ မောင်လင်းထွဋ်အောင်၊ မောင်သော်ထွန်းတို့၏ ချစ်လှစွာသောအဘိုး၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၅-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ညှိုးငယ်စွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညိုညိုသိန်း (အင်းတော်မြို့)

**အသက် (၈၂) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်နေ (ဆရာကြီး ဦးဘသိန်း-ဒေါ်ကျန်၊ ဆရာမကြီး ဒေါ်အေးကြူ)တို့၏ သမီးကြီး၊ (ဦးကျော်ဝင်း-ဒေါ်ရီရီအေး)တို့၏အစ်မကြီး၊ ဦးဇော်လွင်ဦး၊ ဒေါ်ဝေဝေမွန်၊ ဒေါ်အိအိခိုင်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ [ဦးစစိန်းဟန် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)]၏ ချစ်လှစွာသောဇနီး ဒေါ်ညိုညိုသိန်းသည် ၆-၅-၂၀၂၄ (တနင်္လာနေ့) ည ၁၀:၃၀ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၇-၅-၂၀၂၄ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၁၂-၅-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသာဒင်

**နိုင်ငံရေးသိပ္ပံဌာနမှူး(ငြိမ်း)**
**ရန်ကုန်စက်မှုတက္ကသိုလ်**
**မော်ကွန်းထိန်း(ငြိမ်း)၊ မြစ်ကြီးနားတက္ကသိုလ်**

**အသက်(၈၀)နှစ်**

ဖျာပုံမြို့နေ (ဦးမောင်မောင်-ဒေါ်နှင်း)တို့၏သား၊ (ဦးတင်ရှိန်-ဒေါ်ညွန့်ညွန့်)၏ မောင်၊ ဒေါ်ဆွေဆွေမြင့် (တွဲဖက်ပါမောက္ခ၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင်ကျော်ဇော-ဒေါ်အေးမွန်ဝင်း (USA)၊ ဦးသက်ထူးအောင်-ဒေါ်အိခင်သန္တာကျော် (လ/ထမန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးလင်းမောင်နှင်း (Marine Engineer)-ဒေါ်ပပစိုးထွဋ်တို့၏ ဦးလေး၊ မောင်လင်းခန့်ပိုင်၊ မအိမ့်သူထက်တို့၏ အဘိုးသည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုဖြိုးကျော်သူ(ခ)ကိုဖြိုး

**(မြို့မကျောင်းသားဟောင်း)-(B.Sc Physics)**

**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၃)နေ ဦးကျော်သူဆန်း (သိမ်ကြီးဈေး E ရုံ)၊ ဒေါ်သီတာအေးတို့၏ သားထွေး ကိုဖြိုးကျော်သူ(ခ)ကိုဖြိုးသည် ၅-၅-၂၀၂၄ ရက် ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၄ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မြို့မမိသားစုများ သိစေအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဉာဏ်လင်းစိုး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ (၃)လမ်း၊ အမှတ်(၁၂၅)နေ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)-ဒေါ်ခင်ခင်အုန်းတို့၏သား ဦးဉာဏ်လင်းစိုးသည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**စီမံချက်အဖွဲ့**

---

## ဦးသန်းကျော်စိုး(ခ)ဦးဘိုကြီး

**အသက်(၅၈)နှစ်**

ထောက်ကြန့်နေ ဦးတင်လှ - (ဒေါ်တင်တင်ကျော့)တို့၏ သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုန်းငွေ-ဒေါ်စောရီ)တို့၏ သားသမက်၊ (ဦးလှအောင်)-ဒေါ်တင်တင်ယုတို့၏ တူ၊ ကိုမြထွန်း-မအေးအေးစိုး(စည်ပင်)၊ ကိုအောင်စိုး-မသဇင်၊ ကိုလှသန်းဦး-ဒေါ်ခင်ခင်ဆွေ၊ ကိုမြင့်သိန်း-မစန်းစန်းရီတို့၏ ချစ်လှစွာသောအစ်ကို၊ ဦးမင်းမင်းသန့်- ဒေါ်ခင်မေလွင်၊ ဦးသန့်ဇင်ဦး-ဒေါ်ထွေးထွေးတို့၏ အစ်ကို၊ ဒေါ်ခိုင်သဇင် (မြန်မာ့အလင်းသတင်းစာတိုက်)၊ ဦးပြည့်ဖြိုးကျော်-ဒေါ်ဖြိုးပပ (စိန်ဂေဟာ WH)၊ ဦးအောင်အောင်ဦး (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)တို့၏ ကျေးဇူးရှင်ဖခင်၊ ဦးဝေလင်းရှိန်၏ဦးလေး၊ မောင်မင်းမဟော်၏ ချစ်လှစွာသောအဘိုး၊ တူ/တူမ ၁၀ ယောက်၏ ချစ်လှစွာသောဘကြီး၊ ဒေါ်စိုးစိုးသန့်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းကျော်စိုး(ခ)ဦးဘိုကြီးသည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) ည ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉-၅- ၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၄ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အမှတ် (၂၂/၂၃)၊ ကမ်းနားလမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှခင်

**စစ်တက္ကသိုလ်(သင်္ချာဌာန)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဦးစီးဌာန**

**အသက်(၉၂)နှစ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်-ဒေါ်သန္တာအောင်တို့၏မိခင် ဒေါ်လှခင်သည် ၇-၅-၂၀၂၄(အင်္ဂါနေ့)နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဉာဏ်လင်းစိုး

**အသက်(၅၂) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့ နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ (၃)လမ်း၊ အမှတ် (၁၂၅)နေ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)- ဒေါ်ခင်ခင်အုန်းတို့၏သား ဦးဉာဏ်လင်းစိုးသည် ၇-၅-၂၀၂၄ ရက်နေ့ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဉာဏ်လင်းစိုး

**အသက်(၅၂) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ (၃)လမ်း၊ အမှတ် (၁၂၅)နေ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း)-ဒေါ်ခင်ခင်အုန်းတို့၏သား ဦးဉာဏ်လင်းစိုးသည် ၇-၅-၂၀၂၄ရက်နေ့ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းဆင့် မိသားစု**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဉာဏ်လင်းစိုး

**အသက်(၅၂) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ (၃)လမ်း၊ အမှတ် (၁၂၅)နေ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)-ဒေါ်ခင်ခင်အုန်းတို့၏သား ဦးဉာဏ်လင်းစိုးသည် ၇-၅-၂၀၂၄ရက်နေ့ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကြီး မိသားစု**
**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှခင်

**စစ်တက္ကသိုလ်(သင်္ချာဌာန)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဦးစီးဌာန**

**အသက်( ၉၂ )နှစ်**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်-ဒေါ်သန္တာအောင် တို့၏မိခင် ဒေါ်လှခင်သည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဟန်သိန်း

**ပြန်ကြားရေးမှူး (စာရေးဆရာ-သဇ္ဇနေ)**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**အသက်(၆၂)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဗဟိုအမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဝင် ဒေါ်လဲ့လဲ့ခိုင်၏ ခင်ပွန်း ဦးဟန်သိန်း (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)သည် ၇-၅-၂၀၂၄ ရက် (အင်္ဂါနေ့) ညပိုင်းတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဟန်သိန်း

**ပြန်ကြားရေးမှူး (စာရေးဆရာ-သဇ္ဇနေ)**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**အသက်(၆၂)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဗဟိုအမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဝင် ဒေါ်လဲ့လဲ့ခိုင်၏ ခင်ပွန်း ဦးဟန်သိန်း(ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)သည် ၇-၅-၂၀၂၄ ရက် (အင်္ဂါနေ့) ညပိုင်းတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးမင်းဝင်း**
**ဒုတိယဥက္ကဋ္ဌ(ဗုဒ္ဓဘာသာ)**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (ရွှေလင်ပန်း- ၂၂)၊ မြေကွက်အမှတ် (၁၁၇၆)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ခင်မေတုတ် [၁၂/ဗတထ(နိုင်)၀၁၈၉၀၀] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော ရေမီးစုံ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်လဲ့လဲ့အေး [၁၄/ဘကလ(နိုင်)၁၄၀၃၄၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ် - ၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

---

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်အုန်းမြင့်

### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ (ဦးစိုးညွန့်-ဒေါ်ခင်မေ)တို့၏ သမီး၊ (ဦးထွန်းဦး-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးဗိုလ်ထွန်း(ငြိမ်း)]၏ ဇနီး၊ ဒေါ်သီတာအေး၊ ဦးမောင်မောင်ရွှေမိုး (Eager Communication Group Co.,Ltd.)-ဒေါ်ခင်လဲ့ဝင်း၊ ဦးမောင်မောင်မြမိုး-ဒေါ်ဝါဝါမင်း၊ ဦးမောင်မောင်လှမိုး၊ (Sanko Denki Myanmar Co.,Ltd./F & P myanmar Co.,Ltd.)-ဒေါ်ခင်လေးအောင်၊ ဦးသန်းဝင်း-ဒေါက်တာနီလာအေး (Telecom International Myanmar Co.,Ltd.)၊ ဦးဇော်ထွန်းဝင်း(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာအေး (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ကိုးယောက်တို့၏အဘွား ဒေါ်အုန်းမြင့်သည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) ည ၁၁:၀၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၅-၂၀၂၄ (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး

### ဒေါ်အုန်းမြင့်

### အသက်(၈၃)နှစ်

သူငယ်ချင်း ဦးမောင်မောင်ရွှေမိုး၏ ချစ်လှစွာသောမွေးသမိခင်ကြီး ဒေါ်အုန်းမြင့် (ခေါ်) ဒေါ်အေးမိစံ အသက်(၈၃) နှစ်သည် ၇-၅-၂၀၂၄ ရက် ည ၁၁:၀၉ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၆) မိသားစု**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၆၂၉)၊ မြေကွက်တည်နေရာအမှတ် (၆၂၉)၊ မြမန္တလာ (၂)လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (ဦးကျော်မြင့်) [၁၂/သကတ(နိုင်)၀၃၆၉၂၆]အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးကျော်မြင့်ထံမှ အရောင်းအဝယ်စာချုပ် အမှတ်-၁၇၆၆ / ၂၀၂၂ (၉-၃-၂၀၂၂)ဖြင့် တရားဝင် မခွဲမစိတ်ရသေးသော (၂၀ပေx၆၀ပေ)အား ဒေါ်သီတာကျော် [၁၃/တကန(နိုင်)၀၀၃၄၈၂]မှ ဝယ်ယူပြီး အရောင်းအဝယ်စာချုပ်၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့နှင့် အတူ ၎င်းပိုင်ဆိုင်သော (Portion) အခြမ်းအား တစ်ဖက်သတ်ခွဲစိတ်ခွင့်ပြုပါရန် (၁၂-၁၀-၂၀၂၃)ရက်စွဲပါ စာတို့တင်ပြပြီး တစ်ဖက်သတ်မြေကွက်ခွဲရန် မြေပုံကူးနှင့် မြေတိုင်းမြေပုံလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး

### ဒေါ်အုန်းမြင့်

### အသက်(၈၃)နှစ်

သူငယ်ချင်း မောင်မောင်မြမိုး-ဝါဝါမင်းတို့၏မိခင်ကြီး ဒေါ်အုန်းမြင့်သည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) ည ၁၁:၀၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၃)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မောင်မောင်မြမိုး-မဝါဝါမင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းမြင့် (၈၃)နှစ်သည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူရ မျိုးတင် - မရီ**
**ဇော်မင်း - မအေး**
**သိန်းနိုင်စိုး - မမီ**
**ကျော်ကျော်ဆင့် - မဇင်**
**ဝင်းနိုင်လင်း - မထက်**
**သက်ဦး - မမို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသက်ပိုင်

### အသက် (၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ (၄)ဖြတ်လမ်း၊ အမှတ်(၁၂၇၄)နေ (ဦးထွန်းလွင်-ဒေါ်ရင်နု)တို့၏ သမီးငယ်၊ (ဦးစိန်ဟန်-ဒေါ်စောရီ)တို့၏ သမီးချွေးမ၊ (ဒေါ်စန်းစန်းဝင်း)၊ (ဦးသိန်းလွင်)-ဒေါ်စန်းစန်းနိုင်၊ ဦးစန်းလွင်၊ ဦးကိုကိုစိုး-ဒေါ်ခင်သန်းဆွေ၊ ဦးအောင်လွင်-ဒေါ်သိန်းသိန်းဦးတို့၏ ညီမ၊ သမီးကြီး မဆုပိုပိုမြင့်စိန် (သရုပ်ပြ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရူပဗေဒဌာန)၊ သားငယ် မောင်ပြည့်ကိုကိုမြင့်စိန် (ဒုဦးစီးမှူး၊ SECM)တို့၏ မိခင်၊ ဦးမြင့်စိန် (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)၏ ချစ်လှစွာသောဇနီး ဒေါ်အေးသက်ပိုင်သည် ၈-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၀ နာရီတွင် မြောက်ဥက္ကလာပ မေခါဝီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသောရုပ်ကလာပ်ကို ၁၀-၅-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၄ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ကိုစိုးမိုးနိုင် [၁၂/မဂတ(နိုင်)၁၀၂၄၀၂]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေ **ကိုစိုးမိုးနိုင်**၏ဓာတ်ပုံနှင့် တယ်လီဖုန်းနံပါတ်အား အသုံးပြုပြီး ဆက်သွယ်ရေးလူမှုကွန်ရက်ဖြစ်သော Facebook, Comment, Messenger, Online Media တို့တွင် ဓာတ်ပုံများတင်ပြီး ဂုဏ်သိက္ခာ ထိပါးစေသည့် ပြောဆိုရေးသားမှုများကို မမှန်မကန် Fake Account များဖြင့် Post များ တင်ပြီး အများသိစေရန် Share ခြင်းများကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှာ များစွာ ဂုဏ်သိက္ခာနှင့် လုပ်ငန်းများထိခိုက်နစ်နာမှုများဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေနှင့်ပတ်သက်၍ Online Media တွင် ရေးသားထားခြင်းများအား အပြီးအပိုင်ပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးခြင်းမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေ နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဆက်သွယ်ရေး ဥပဒေအရ ဖြစ်စေ လိုအပ်သလို ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုစိုးမိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်တင်သန်းယု (@) Daw Esther Aung

**ဂျာမန်ဧည့်လမ်းညွှန်(ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း)(ငြိမ်း)**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၅)၊ ရွှေနှင်းဆီလမ်းသွယ်(၃)၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်နေ အဖ [ဦးတင်အောင်(စာရေးဆရာဗန်းမော်တင်အောင်)]-အမိ(ဒေါ်ခင်ဦး)တို့၏ သမီးကြီး၊ ဒေါက်တာမြင့်ခိုင်(ဗဟိုသုတေသန-ငြိမ်း)၏ ချစ်ဇနီး၊ ဒေါ်ပဉ္စကလျာနီခိုင်၊ ဦးဇာနည်ခိုင်၊ ဦးညီညီခိုင်-နော်ရွှေစင်ထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး လေးယောက်တို့၏ အဘွား၊ (ဒေါ်နုနုရီ)၊ ဒေါ်ခင်မာကြည်၊ ဦးဗဟိန်းအောင်၊ ဒေါ်အေးအေးမွန်၊ ဦးကျော်ဇောအောင်တို့၏ ချစ်လှစွာသော အစ်မကြီးသည် ၈-၅-၂၀၂၄ ရက် နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၅-၂၀၂၄ ရက် ညနေ ၃ နာရီတွင် ခရစ်ယာန် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဦးဟန်သိန်း

**ဟန်သိန်း(သဇ္ဇန)၊ သတင်းစာဆရာ/စာရေးဆရာ**
**ပြန်ကြားရေးမှူး(ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

### အသက်(၆၂)နှစ်

ရွှေတောင်မြို့နေ အဖ ဦးချစ်ဖွယ်-အမိ ဒေါ်တင်ရွှေတို့၏ သားထွေး၊ အမှတ် (၁၄၅)၊ မြို့သစ်လမ်း၊ (၅)ရပ်ကွက်၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာပနေ ဒေါ်လဲ့လဲ့ခိုင် [ဒဂုံမြို့သစ်(မြောက်ပိုင်း)တရားရုံး]၏ ခင်ပွန်း၊ မအေးမြသင်းခိုင်၊ မယမင်းအေး၊ မောင်ဘုန်းသီဟခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်ဖြစ်သူ ဦးဟန်သိန်းသည် ၇-၅-၂၀၂၄(အင်္ဂါနေ့) ည ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉-၅-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ရဟန်းဒါယိကာမကြီး

### ဒေါ်အုန်းမြင့်

### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးမောင်မောင်ရွှေမိုး (Eager Communication Group Co., Ltd.)-ဒေါ်ခင်လဲ့ဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီးဖြစ်သူ ဒေါ်အုန်းမြင့် (ခေါ်) ဒေါ်အေးမိစံ သည် (၇-၅-၂၀၂၄) (အင်္ဂါနေ့) ည ၁၁:၀၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဝန်ထမ်းများ**
**Eager Communication Group Co., Ltd.**

---

**ပြင်ဆင်ဖတ်ရှုပေးပါရန်**

၁၈-၄-၂၀၂၄ရက်နေ့ကြေးမုံ သတင်းစာ ၏ စာမျက်နှာ ကြော်ငြာ(၂၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် (၁၁) ဒေါ်ရှု(ခ) ဒေါ်စန်းစန်းကြည်+၅ ၏ လိပ်စာတွင် (၂)လမ်း အစား (၂၁)လမ်း ဟုအမှန်ဖတ်ရှုပါရန်။

---

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသန်း

### အသက် (၉၃)နှစ်

ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်၊ အမှတ် (၉/၇၄၁)၊ မင်းလှကျော်ထင်လမ်းနေ (ဦးတင်မောင်)၏ ဇနီး၊ [ဒေါက်တာနုနုဆွေ (လ/ထ ဆရာဝန်၊ တာချီလိတ်ဆေးရုံ)၊ ဒေါ်ခင်မြင့်ကြည် (လ/ထ ညွှန်မှူး-ငြိမ်း၊ စည်ပင်သာယာ)၊ ဒေါ်ဝါဝါမြင့်၊ ဒေါ်ခင်မျိုးအေး (ငွေစာရင်းကိုင်၊ ရွှေဘိုစည်ပင်)၊ ဒေါက်တာအောင်ဝင့်ဇော်-ဒေါ်နန်းချိုချိုသဲ (Medicinehouse Co.,Ltd)၊ ကိုဟန်လင်းဇော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြသန်း အသက် (၉၃)နှစ်သည် ၈-၅-၂၀၂၄ ရက် ညနေ ၄:၃၇ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (အမှတ် ၂၇/B၊ ဘိုးရာဇာလမ်း၊ ရန်ကင်းနေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွေး

**စား/ထွေ-ငြိမ်း**

### အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းကျေးရွာနေ (ဦးအိ-ဒေါ်ချစ်ရင်)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ တိုက်(၁၃၇/၅-လွှာ)နေ ဦးအောင်ကျော်ဦး(ခ) ဦးပေါက်-ဒေါ်လှလှနွယ်(ခ)ညိုညိုတို့၏ မိခင်၊ မြေး နှစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘွား၊ (ဦးလှကျော်)၏ ဇနီး ဒေါ်ခင်ထွေး အသက်(၈၁)နှစ်သည် ၈-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၅-၂၀၂၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁၄-၅-၂၀၂၄(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ဖော်ပြပါ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ တိုက်(၁၃၇/၅လွှာ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဉာဏ်လင်းစိုး

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ (၃)လမ်း၊ အမှတ် (၁၂၅)နေ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)-ဒေါ်ခင်ခင်အုန်းတို့၏ သား ၊ ဦးနိုင်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-အကျဉ်းဦးစီးဌာန)-ဒေါ်ဥမ္မာဝင်းတို့၏ မောင်၊ ဦးဇာနည် (လက်ထောက်အင်ဂျင်နီယာ၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ရည်ရည်မွန်တို့၏ အစ်ကို၊ မခင်အိန္ဒြာသီရိဗို၊ မမြဟေသာတို့၏ ချစ်လှစွာသောဖခင်၊ မမြဖူးခင်၊ မမြသော်တာတို့၏ ဘကြီးသည် ၇-၅-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာတို့ဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၅-၂၀၂၄ (ကြာသပတေးနေ့)ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၄ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ဘုရားအမှူးပြု၍ ပင့်သံဃာတော်များအား ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ် (၁၂၅)၊ ရိပ်သာ (၃)လမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ ရောင်းချနိုင်ခဲ့

စာမျက်နှာ » ၇

### စားရေ ရိက္ခာဖူလုံရေးအတွက် မူဝါဒများ၊ စီမံကိန်းများ စီမံဆောင်ရွက်နိုင်ရန် တိကျမှန်ကန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက် ကိန်းဂဏန်းစာရင်းဇယားများ လိုအပ်

စာမျက်နှာ » ၉

### ကျိုက်မရောမြို့တွင် နေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ နေအိမ်များမှ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ယူဆောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

စာမျက်နှာ » ၁၅




## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် Wilamar (Wilamar International port Terminal) ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၆၀၀၀၊ Yangon International Gateway Terminal(YIGT) ဆိပ်ကမ်းမှ ပဲတန်ချိန် ၉၄၀၀ တင်ပို့ခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

## MNL Cup ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက် ဂိုးပြတ်နိုင်ပွဲယူပြီး ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေး

**ရန်ကုန် မေ ၈**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်(၈)ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်း နိုင်ပွဲရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ကချင် ယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်အတွက် ဂိုးပြတ်နိုင်ပွဲရယူပြီး အုပ်စုထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်ကို ရမှတ်တူဖြင့် ဆက်လက်ဖိအားပေးခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❂



ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း နိုင်ပွဲရရှိ

**ရန်ကုန် မေ ၈**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို မေ ၈ ရက်က စလင်းကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အမှတ်ပြည့်ရယူ**

ရာသီအစ အဖွင့်ပွဲတွင် အသင်းကြီးအများစု နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း အား/ကာသိပ္ပံအသင်းသည် ပယ်နယ်တီဂိုးဖြင့် အနိုင်ယူပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ အသင်းသစ်ဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းသည် အတွေ့အကြုံရှိသည့် ကစားသမားများမပါဝင်ဘဲ ရှမ်းပြည်နယ်မှ ဒေသခံကစားသမားအများစုဖြင့် ဖွဲ့စည်းကာ ယှဉ်ပြိုင်ခဲ့သော်လည်း ချန်ပီယံဆု နှစ်ကြိမ်ရဖူးသည့် အား/ကာသိပ္ပံအသင်းကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် မိုးမမစိုး၊ မိုးမိုးသန်း၊ ရွှေရည်ထွန်း၊ ဆုပြည့်ပြည့်ကျော်၊ အိအိကျော်စသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ယုယနိုင်၊ မေဇွန်မိုး၊ နန်းဖြူဖြူသွေး၊ နန်းခမ်းဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○